မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဗြာဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၁၅၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



စစ်ကိုင်းမြို့နယ်၌ ဂျုံသီးနှံစိုက်ဧက ၃၁၀၃၅ စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဂျုံစိုက်ပျိုးရာသီတွင် ဂျုံသီးနှံ ၃၁၀၅၇ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၃၁၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ် ဂျုံစိုက်ဧက ၃၁၀၃၃ ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်အထွက်နှုန်းကောင်း ဂျုံမျိုးများ ပြောင်းလဲသုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရေး၊ သဘာဝမြေသြဇာ အသုံးပြုမှု မှန်ကန်စေရေး၊ ရိတ်သိမ်းချိန်လွန်အလေအလွင့်မရှိစေရေး၊ သိုလှောင်ထားချိန်တွင် မျိုးရောစပ်မှု မရှိစေရေးတို့ကို

စာမျက်နှာ ၅ ကော်လံ ၅ ■

ယနေ့ ဖတ် စ ရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ပြည်တွင်းသတင်း စာ ၃

စားအုန်းဆီနှင့် နောက်ဆက်တွဲ နှလုံးရောဂါ ဆောင်းပါး စာ ၁၀

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တွင် ဖော်ပြပါရှိပါသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ဒေသတွင်းရှိတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် နှမ်းစိုက်ဧက ၂၇၁၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ နှမ်းစိုက်တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားနိုင်ရေး စသည့် စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ် အတွင်း နှမ်းစိုက်ဧက နှစ်သောင်းကျော် စိုက်ပျိုးဖို့

စာမျက်နှာ ၆ ကော်လံ ၁ ✻



ကျေးလက်ပြည်သူအားလုံးအတွက် ဘေးကင်းသောသောက်သုံးရေ

ရေသည် ပေါပေါများများရရှိနိုင်သည့် သဘာဝသယံဇာတတစ်ခုအဖြစ် လူအများစုတို့က မှတ်ယူတတ်ကြသည်။ သို့ရာတွင် ရေရှားပါးသည့် အရပ်ဒေသများတွင် နေထိုင်ကြသူများအဖို့မူ ဘဝပေးအသိကြောင့် ရေကို အလေးထားကြသည်။ အထူးသဖြင့် သန့်ရှင်းသော သောက်သုံးရေ၏တန်ဖိုးကို ဖိုးနည်းရေရှားဒေသတွင် နေထိုင်သူတို့က အသိဆုံးဖြစ်သည်။

မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကို အာကာသတစ်နေရာမှကြည့်မည်ဆိုလျှင် ကမ္ဘာမျက်နှာပြင်အများစုကို ရေများဖုံးလွှမ်းနေသည့် ရေကမ္ဘာကြီးအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာမျက်နှာပြင်ကို အဓိကဖုံးလွှမ်းထားသည်မှာ ရေနှံသမုဒ္ဒရာကြီးများသာဖြစ်ပြီး ကမ္ဘာ့ရေထုစုစုပေါင်း၏ သုံးရာခိုင်နှုန်းခန့်သည်သာ ရေချိုဖြစ်သည်။ ယင်းအနက်မှ ၁ ဒသမ ၉၇ ရာခိုင်နှုန်းသည် ရေခဲတောင်များ၊ ရေခဲမြစ်များဖြစ်ပြီး ၀ ဒသမ ၅ ရာခိုင်နှုန်းသည် မြေအောက်ရေဖြစ်သည်။ ၀ ဒသမ ၃ ရာခိုင်နှုန်းကျော်မှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်များတွင်ရှိနေသည့် ရေချိုပမာဏဖြစ်သည်ဟုဆိုရာ ရေချိုသယံဇာတကို အဘယ်ကြောင့် တန်ဖိုးထားအပ်သည်ကို နားလည်နိုင်ကြမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေမှာ နှစ်စဉ်တိုးတက်လျက်ရှိနေပြီး ရေချိုသုံးစွဲမှု မြင့်သထက်မြင့်တက်နေရာ ၂၀၃၀ ပြည့်နှစ်ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင်ကျော်သည် သောက်သုံးရေမရရှိမှု၊ လူသန်း ၃၄၀၀ ခန့်သည် ရေချိုအလုံအလောက်မရရှိမှုတို့ ကြုံတွေ့လာနိုင်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်၏ လေ့လာဆန်းစစ်ချက်များက ဆိုသည်။ နိုင်ငံတကာသတင်းတစ်ရပ်တွင် သိရိလင်္ကာနိုင်ငံ၌ ခြောက်သွေ့သောရာသီဥတု ဖြစ်ပေါ်နေချိန် လူပေါင်း ၇၀၀၀ ကျော် သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်ဟု မကြာမီက ဖော်ပြထားသည်။ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်သော ကျေးလက်ဒေသများ ရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက ၂၀၀၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်လာခဲ့ရာ ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူများအားလုံး ကောင်းမွန်၍ ဘေးကင်းသော သောက်သုံးရေ ဝန်ဆောင်မှုများရရှိသုံးစွဲနိုင်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ ကျေးလက်ဒေသများတွင် ကောင်းမွန်ပြီး အကာအကွယ်ရှိရေပေးရေးစနစ်များမှ ရေရရှိရေးလွမ်းခြုံမှု ၇၇ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ဆက်လက်၍ ၂၀၁၉ မှ ၂၀၂၄ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၃၉၃၁ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၅၁၃၁ ခုကို မူလခွင့်ပြုရန်ပုံငွေ၊ မွမ်းမံရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ (ယူနီဆက်ဖ်ပူးပေါင်း) နှင့် အပူပိုင်းဇုန် ရေရရှိရေးစီမံကိန်း၊ တိုင်းဒေသကြီးပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟုသိရသည်။ ကျေးလက်ရေပေးရေးစီမံကိန်းများတွင် နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပြည်သူထည်ဝင်ငွေတို့ အချိုးကျပါဝင်ပြီး ပြည်သူကိုယ်တိုင်စီမံခန့်ခွဲရသော အိမ်သွယ်ရေတိုင်စနစ်၊ ကျေးလက်ပြည်သူများ သန့်ရှင်း၍ဘေးကင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စင်စနစ်၊ ရေအရင်းအမြစ်နေရာများမှရေကို ပိုက်လိုင်းစနစ်ဖြင့် ရွာသို့ပေးဝေသည့် ကျေးရွာစုပေါင်းရေပေးရေးစနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်တို့ဖြင့် ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝများ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၃၀ ပြည့်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူအားလုံး ကောင်းမွန်၍ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်စေရန် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဒေါက်တာ ခိုင်ခိုင်စိုး ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၂)	ဦးခင်မောင်လှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(၃)	ဒေါက်တာ သန့်စင်အေး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၄)	ဒေါက်တာ မြသန္တာ ဒုတိယပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

၂၆ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅၂ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၆ ကပ္ပလီပင်လယ်ပြင် ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။ မိုး/ဇလ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	– စိုးစိုးနိုင်	သတင်းထောက်မှူး	– ခင်ရတနာ
စာတည်းမှူး	– မြင့်စိုး	အကြီးတန်း	– ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
စာတည်းများ	– ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	– မြူးစန္ဒီနွေး၊ တင်လင်းအောင်	အယ်ဒီတန်း	– ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	– အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ	
စာပြင်	– ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	– တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့	အီးမေးနှင့် အွန်လိုင်း	– သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံး-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလိမ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၅၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေဒရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဆုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by MPE
www.mdn.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး စွမ်းဆောင်မှုအကောင်းဆုံး ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးသီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ / တိုင်း ဒေသကြီး/ပြည်နယ်မှ အမျိုးသမီး ရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌ များ၊ အတွင်းရေးမှူးများ၊ ခရိုင် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အားသွန်ခွန်စိုက်ကြိုးပမ်း

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အမျိုးသမီးဖွံ့ဖြိုးတိုးတက် ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဖြင့် ထဲထဲဝင်ဝင် အစဉ်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကာ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု ဖြင့် ရေးဆွဲခဲ့သည့် အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

စီမံကိန်း(၂၀၂၃-၂၀၃၂)၏ လုပ်ငန်း စဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီး များ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုကင်းဝေး လျော့ကျရေး၊ သဘာဝဘေးနှင့် အရေးပေါ်အခြေ အနေများအပေါ် ပံ့ပိုးဆောင်ရွက် ပေးရေး၊ အမျိုးသမီးများ စွမ်းဆောင် ရည်မြင့်မားလာစေရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အမျိုးသမီးများ၏ ဘဝရပ်တည် နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကဏ္ဍများတွင်သာမက နိုင်ငံတကာနှင့်ဒေသတွင်း အမျိုး သမီးအရေးဆိုင်ရာ ကိစ္စရပ်များ တွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ပေးလျက် ရှိသည်ကို သိရှိရပါကြောင်း။

၁၁ ကျောင်းဖွင့်လှစ်ထားရှိ

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတကာ ကတိကဝတ်များ၊ အာဆီယံ လုပ်ငန်းစဉ်များတွင် လည်း အတူပူးပေါင်းဆောင် ရွက်ပေးလျက်ရှိသည်ကို သိရှိ ရပြီး ဆက်လက်၍ ကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ဝင်ငွေရေ

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၃ မှ

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေး၊ လူကြောင့်ဖြစ်သည့် ဘေးဖြစ်ပွားရာဒေသများတွင်ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP Camp များမှပြည်သူများအတွက်အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းလုပ်ငန်း အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလအထိ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း သင်တန်းများကို ၁၇၆ ကြိမ်၊ သင်တန်းတက်ရောက်သူ ၄၂၂၂ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၅၉၄ ဦးကို အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ကြိုးပမ်းဆောင်ရွက်

အမျိုးသမီးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးများနှင့် အမျိုးသမီး ငယ်ရွယ်များ ရင်ဆိုင်တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် အားလုံး ပိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင်လည်း အားလုံး တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့် ရလဒ်ကောင်းများ ရရှိကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှု အကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌတို့က စွမ်းဆောင်မှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆု၊ အထူးဆုနှင့် လွှမ်းခြုံမှု အကောင်းဆုံးပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှင့်ချီးမြှင့် ပံ့ပိုးမှုဆုတို့ရရှိကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က အမှာစကား ပြောကြားသည်။

နှစ်ရက်တာ ကျင်းပသွားမည်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့က သဘာပတိအဖြစ် ဆောင်ရွက်ကာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



တိုးတက်အောင်ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ (၃)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဗဟိုဌာနချုပ်ရုံးကို စတင်ဖွင့်လှစ်၍ အဖွဲ့ဝင်များ အင်အားတိုးတက်ခိုင်မာလာစေရေးအတွက် စည်းရုံးရေး၊ ဖွဲ့စည်းရေး၊ ရန်ပုံငွေတိုးတက်ရေး အစရှိသည့်လုပ်ငန်းများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ပြီး တိုင်းဒေသကြီး/ ပြည်နယ် စည်းရုံးရေးကော်မတီ၊ မြို့နယ် စည်းရုံးရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ၃ နှစ်တာကာလအတွင်း မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များကို တိုးတက်ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပြီး ယခုထက် ပိုမို တိုးတက်အောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ အနေဖြင့်လည်း မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ဝင်များအတွက် သာရေး/နာရေး၊ လူမှုရေးဆိုင်ရာကိစ္စများတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ရန်ပုံငွေများ ထည့်ဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ရဲမှုထမ်းအငြိမ်းစားသေဆုံးသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများအပေါ် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များ အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှမိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပါဝင်ကူညီပေးခြင်းဖြင့် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်သွားကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရဲမှုထမ်းဟောင်း ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကာ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက (၃)နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားရှိမှုတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်လမ်းညွှန်အမှာစကား ပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်

ပုသိမ် ဖေဖော်ဝါရီ ၂၆

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော်မြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

လှည့်လည်ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည်ပေ ၁၀၅၀၊ အကျယ် ၁၀ ပေ နှင့် ၃ ၆ လက်မရှိကြောင်း သိရသည်။

အောင်စိတ်မွေးရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **သတင်းစဉ်**

ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုမည့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် သူများဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဝိရိယထား ကြိုးစားအားထုတ်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်ချက် ခိုင်မာစွာထားရှိပြီး အောင်စိတ်မွေးရမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက်အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **သတင်းစဉ်**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့ များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်(၄) ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၁၀၄ ဦး၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



■ ရှေ့ဖုံးမှ

တိုက်နယ်အလိုက် စိုက်ပျိုးရေးတာဝန်ခံများမှတစ်ဆင့် နည်းပညာများပေးပြီး လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ယခင်နှစ်များထက် ဂျုံသီးနှံများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီများတွင် ဒေသနှင့်ကိုက်ညီသည့် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး၊ အီးအမ်- ဘိုကာရှိ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရေး၊ ထရိုင်ဂိုဒါးမားမြေဆွေးပြုလုပ်သုံးစွဲနိုင်ရေးတို့ကို တောင်သူများအား ဖိတ်ခေါ်၍ လည်းကောင်း၊ ကျေးရွာများအရောက် ကွင်းဆင်း၍လည်းကောင်း စဉ်ဆက်မပြတ် နည်းပညာများ ဖြန့်ဝေပေးပြီး လက်တွေ့ပြုလုပ်ဆောင်ရွက်နေလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဧယျာသီရိမြို့နယ်၌ ဖော်ထုတ်လျက်ရှိသည့် စက်မှုလယ်ယာ စနစ်ကျလယ်မြေတွင် မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစတင်စိုက်ပျိုးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဧယျာသီရိမြို့နယ် အောင်ဧယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စုတွင် ဆောင်ရွက်လျက်ရှိသည့် မူလလယ်မြေ ၂၇၇ ဒသမ ၄၇ ဧကၨ၌ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းစီမံကိန်းသို့ ကွင်းဆင်းပြီး စပါးစိုက်တောင်သူများ မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



ဝိုင်းဝန်းကူညီဆောင်ရွက်

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ရေသွင်းမြောင်း ရေနုတ်မြောင်းများ ရေစီးရေလာ မှန်ကန်ရေး၊ စနစ်ကျလယ်မြေဖော်ထုတ်ပြီးစီးမှု ဧရိယာအလိုက် နွေစပါးစိုက်ပျိုးခြင်းအတွက် မျိုး၊ မြေ၊ ရေ၊ နည်းပညာ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်နှင့် စနစ်ကျလယ်မြေ ထပ်မံတိုးချဲ့ဖော်ထုတ်ခြင်းကို သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။(အပေါ်ပုံ)

ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သစ်တပ်အုပ်စု သပြေပင်ကျေးရွာရှိ TBL Limited ၏ TBL-KTK ချည်မျှင်ရှည်ဝါစပ်မျိုး မျိုစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးပြီး ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့များ ဝါစိုက်တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိရေးအတွက် ဌာနနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

နွေစပါးစတင်စိုက်ပျိုး

ဧယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံ၊ အရှေ့မြောက်ဘက်ခြမ်း အောင်ဧယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စုများမှ တောင်သူ ၁၀၈ ဦး ပိုင်ဆိုင်သည့် မူလလယ်မြေ ၂၇၇ ဒသမ ၄၇ ဧကတွင် ရေပေးမြောင်းအလျား၊ ရေနုတ်မြောင်း၊ ရေဆင်းပြွန် အဆောက်အအုံ၊ ကုန်ထုတ်လမ်းပါဝင်သော စက်မှုလယ်ယာစနစ်ကျလယ်မြေအဖြစ် ပြန်လည်ခွဲဝေဧရိယာ ၂၅၃ ဒသမ ၇၅ ဧကၨ၌ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးသည့် ဧရိယာ ၈၈ ဒသမ ၁၇

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဒသမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဒသမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒဝရ အမှူးပြုသော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ် ဆရာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု



ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အဖွင့်ဩဝါဒမိန့်ကြားပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် သင်တန်းကျောင်းဆိုင်ရာလုပ်ငန်းစဉ်များကို လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း စည်းမျဉ်းပြင်ဆင်ရေးနှင့် ၁၅ နှစ်နှင့်အထက် တာဝန် ထမ်းဆောင်ခဲ့ပြီးသော ကျောင်းအုပ်ကထိကများအနားယူသည့်အခါ သာသနာပြုမှုတိုးမတ်တင် ဂုဏ်ပြုလွှာဆက်ကပ်ရေး ဆိုင်ရာများကို ဆွေးနွေးကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း လျှောက်ထား၍ ဆုံးဖြတ်ချက်များ ချမှတ်သည်။

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တသုဘောဂက နိဂုံးချုပ်သြဝါဒကထာမိန့်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ပရိတ်တော်၊ ဒေသနာတော်၊ ပါဠို - မြန်မာ စာအုပ်များ ဆက်ကပ်လှူဒါန်းသည်။ (ဝပို့)

တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ၁၄ ကျောင်းတွင် သင်တန်းအကြိမ်ပေါင်း ၂၂ ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၆၁၁ ပါး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myawady Media Centre ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာဆုရရှိသူများ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုပေးပွဲတွင် ပါဝင်ကူညီ ပံ့ပိုးပေးသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါရုပ်ရှင်ထူးချွန်ဆုရရှိသူများအား မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ငွေကျပ်နှစ်သိန်းစီ၊ မင်္ဂလာရုပ်ရှင်ရုံမိသားစုက တစ်သိန်းစီ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရုပ်ရှင်ထူးချွန်ဆုရရှိသူများကိုယ်စား ၂၀၂၄ ခုနှစ် အတွက် အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုရှင် အကယ်ဒမီများရှင် နေတိုးက ကျေးဇူးတင်စကားပြောကြားပြီး စိန်နန်းတော် စိန်ရွှေရတနာဆိုင်၏ စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံမှုကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ကိုကိုဇော်-mna





လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion S Mei 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများက နေပြည်တော် ဓေယျာသီရိမြို့နယ်၊ တပ်ကုန်း



မြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ကျေးရွာများသို့ လက်တွေ့ကွင်းဆင်း၍ နွားမွေးမြူတောင်သူများ၏ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နွားများကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မျိုးအောင်နှုန်းကောင်းအောင် ကုသပေးခြင်း၊ နွားသားအောင်နှုန်းကို လေ့လာဆန်းစစ်ခြင်း၊ အရည်အသွေးအကဲဖြတ်စစ်ဆေးခြင်းနှင့် သားအောင်ရန် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နွားမွေးမြူတောင်သူများက နွားမွေးမြူရေးနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများကို အပြန်အလှန်ဆွေးနွေးဖလှယ်ပြီး လက်တွေ့ကျကျ ပြည့်စုံစွာ နားလည်တတ်ကျွမ်းစေမည့် အခွင့်အရေးရရှိသော ကြောင့် လူသားအရင်းအမြစ်များ၏ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းကာ ဘုံးအိုးကျေးရွာရှိ နေအိမ်များတွင် မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာ ထားရှိ/မရှိ လိုက်လံစစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့





နေပြည်တော် ဖေဖော်ဝါရီ ၂၆ နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ထိထိရောက်ရောက်ဖော်ထုတ်အရေးယူနိုင်နင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်း လောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကူကြိုလင်၊ KK Park နှင့် မယ်ထော်သလေး နယ်မြေများတွင် တရားမဝင်အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀၀ ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြန်လည် လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှု နှင့် ယနေ့ ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၂၇၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု ဖြစ်စဉ်ပြပုံ။



နေပြည်တော် ဖေဖော်ဝါရီ ၂၆ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော် စခန်းသို့ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)မှ တပ်စိတ်မှူး အဆင့်ရှိသူ ဖိုးသကြိန်(ခ) တန်ခူး(၁၁)ဦးချစ်ဖေသည် ၎င်းကိုင်ဆောင်သည့် Type-81 သေနတ်တစ်လက်၊ ၎င်းကျည် ၁၂၅ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၂၁ ရက်အထိ မော်လိုက်မြို့နယ် အုတ်ဖိုကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၅၀ ခန့်အကွာ နေရာရှိကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉) စခန်းဟောင်း၌ အကြမ်းဖက် သင်တန်းအား တက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီး နောက် အဆိုပါစခန်းဟောင်း၌ လူနေတဲများ ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေး မြောင်းများ တူးဖော်ခြင်းနှင့် အထွေထွေ တာဝန်များ ထမ်းဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဧပြီလခန့်တွင် ဒုတပ်စိတ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ၎င်းအပါအဝင် အဖွဲ့ဝင် သုံးဦးသည် ကလေးဝမြို့နယ် ကျွန်နန်ကျေးရွာ၏ တောင်ဘက်ရှိ တောင်ယာတဲတွင် နေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၃၀ ခန့်အပါ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၂၁ ရက်အထိ မော်လိုက်မြို့နယ် အုတ်ဖိုကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၅၀ ခန့် အကွာ နေရာရှိကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉) စခန်းဟောင်း၌ အကြမ်းဖက် သင်တန်းအား တက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီး နောက် အဆိုပါစခန်းဟောင်း၌ လူနေတဲများ ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေး မြောင်းများ တူးဖော်ခြင်းနှင့် အထွေထွေ တာဝန်များ ထမ်းဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဧပြီလခန့်တွင် ဒုတပ်စိတ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ၎င်းအပါအဝင် အဖွဲ့ဝင် သုံးဦးသည် ကလေးဝမြို့နယ် ကျွန်နန်ကျေးရွာ၏ တောင်ဘက်ရှိ တောင်ယာတဲတွင် နေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၃၀ ခန့် နေထိုင်သည့် စခန်းသို့ လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့် နေထိုင်သည့် စခန်းသို့ လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃

အာဆီယံ-ပါကစ္စတန် မီဒီယာကဏ္ဍပူးပေါင်းမြှင့်တင်ရေး ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အာဆီယံနိုင်ငံများနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ပထမဆုံးအကြိမ်အဖြစ် မီဒီယာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ပါကစ္စတန်နိုင်ငံ၌ ပြုလုပ်သည်။

အဆိုပါအစီအစဉ်ကို ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အာဆီယံနိုင်ငံများမှ လုပ်သက် ရှစ်နှစ်အထက် သတင်းမီဒီယာသမား ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါကာလအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ မီဒီယာဖွံ့ဖြိုးမှုသင်တန်းကျောင်းများ၊ နိုင်ငံပိုင်မီဒီယာများလေ့လာခြင်းနှင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် လေ့လာခြင်းအစီအစဉ်များ ပါဝင်သည်။

အဆိုပါအစီအစဉ်တွင် အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်မီဒီယာအသွင်ကူးပြောင်းမှုအခြေအနေများ၊အာဆီယံနိုင်ငံအသီးသီးနှင့် ကုန်သွယ်မှု၊ ခရီးသွားလာမှုအခြေအနေများ အပါအဝင် မြို့တော် အစ္စလာမ်ဗာဒတ်နှင့် မာရီမြို့၊ ဗုဒ္ဓရေးဟောင်းအမွေအနှစ်နေရာဖြစ်သည့် တက္ကသိလာဒေသများသို့ သွားရောက်လေ့လာခဲ့ကြသည်။

အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မီဒီယာအပြန်အလှန်ချိတ်ဆက်မှုသည် လိုအပ်ပြီး ယခုအကြိမ်သည် အာဆီယံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပထမဆုံးအကြိမ် မီဒီယာဖလှယ်မှုအစီအစဉ်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအသီးသီးမှ မီဒီယာများအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ရရှိလာနိုင်ပြီး ယဉ်ကျေးမှုအပါအဝင် ကဏ္ဍအသီးသီးတွင် သတင်းအချက်အလက်များ ပိုမိုရရှိလာနိုင်မည့် ပဏာမခြေလှမ်းပင်ဖြစ်ကြောင်း အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာနမှ Ms. Wadia Librianti က ပြောကြားသည်။

အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ သတင်းအချက်အလက် ဝန်ဆောင်မှုဆိုင်ရာ အင်စတီကျူ့ဒ် အာဆီယံ- ပါကစ္စတန် မီဒီယာဖလှယ်မှုဆိုင်ရာ နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာကျွမ်းကျင်သူများနှင့် အတွေ့အကြုံများဖလှယ်ခြင်း၊ သတင်းအချက်အလက်တင်ဆက်၊ ထုတ်လွှင့်၊ ရေးသား၊ ဖော်ပြခြင်းဆိုင်ရာများ၊ သတင်းတု၊ သတင်းမှားများအန္တရာယ် စသည့်အကြောင်းအရာများကို ပါကစ္စတန်နိုင်ငံမှ တာဝန်ရှိသူများနှင့် အာဆီယံမီဒီယာများအကြား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။



အာဆီယံသတင်းမီဒီယာများနှင့် Pakistan Electronic Media Regulatory Authority (PEMRA) မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

ထို့အတူ တပ်မတော်၏ မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးဌာနအပါအဝင် သတင်းနှင့် အသံလွှင့်ဌာန၊ သတင်းနည်းပညာအင်စတီကျူ၊ Pakistan Electronic Media Regulatory Authority (PEMRA) စသည့် မီဒီယာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ခင်ရတနာ

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ UCMT CAREER FAIR 2025 ကျင်းပ

သန်လျင် ဖေဖော်ဝါရီ ၂၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၌ UCMT CAREER FAIR 2025 ကို ယမန်နေ့နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက UCMT CAREER FAIR 2025 ကို ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိစေရန်၊ လုပ်ငန်းခွင်နှင့် တက္ကသိုလ် ချိတ်ဆက်မှု အားကောင်းစေရန်နှင့် ပို့ဆို့နိုင်မာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံ ဘောဂဗေဒအသင်း (Myanmar Economic Association-MEA) ဥက္ကဋ္ဌ ဦးကြည်ထွန်းက အမှာစကားပြောကြားပြီး Myanmar Resources Network တည်ထောင်သူနှင့် Myanmar Retailers Association ဂုဏ်ထူးဆောင် နာယက ဦးသူရိန်ငြိမ်းက "Building, Growing & Moving Forward" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Economic Association ဂုဏ်ထူးဆောင် နာယက ဆရာကြီး ဒေါက်တာဦးအောင်က "Economic Growth Models: Business 4.0 & AI" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကာ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် Myanmar Economic Association ဂုဏ်ထူးဆောင် နာယက ဆရာကြီး ဒေါက်တာဦးအောင်နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ခေတ္တတာပါမောက္ခချုပ် (ငြိမ်း) ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ဌေးဌေးလွင်တို့က တက္ကသိုလ်စာကြည့်တိုက်အတွက် သုတရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဆွေးနွေးဟောပြောခဲ့သည့် ဆရာကြီးများအား ဂုဏ်ပြုမှုတံတမန်လွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်ရည်မှန်းချက်များနှင့် အလုပ်အကိုင် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ၎င်းတို့ စိတ်ပါဝင်စားသည့် ဘဏ်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများတွင် အလုပ်အကိုင်များ လျှောက်ထားကြသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) အနေဖြင့် ၂၀၁၂ ခုနှစ် တက္ကသိုလ် အဆင့်တိုးမြှင့်ခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ ကျောင်းသား ကျောင်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး နှစ်စဉ်နှစ်တိုင်း Job Fair နှင့် Career Fair ကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

ဦးဦးတင်သိန်း



မိုးညှင်းမြို့နယ်၌ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

မိုးညှင်း ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သမဝါယမအသင်းများ၏ စိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနမှ နိုင်ငံစိုးပွားဖြင့်တင်ရေးရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာပေါင်း ခုနစ်ရွာအား တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုဖြစ်သော မျိုးနှင့် မြေဩဇာများကို သီးနှံပေါ်မူတည်၍ စနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး မိုးညှင်းမြို့နယ်အတွင်း တောင်သူစုစုပေါင်း ၇၇၄ ဦး၊ စိုက်ကွက် ၂၂၅၀ အတွက် ပံ့ပိုးငွေစုစုပေါင်း ငွေကျပ်သိန်း ၄၂၀၀ နှင့်ညီမျှသည့် သွင်းအားစုများကို ယခုဘဏ္ဍာရေးနှစ်တွင် ပံ့ပိုးဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရွှေမိုးညွှင်း



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ အသံချဲ့စက်ဖြင့် လိုက်လံအသိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။ ရဲတင့်(ပြန်/ဆက်)

စာမျက်နှာ ၈ မှ

ဟိုထဲမှာ နေရတာထက်စာလျှင် ဒီဘက်မှာ နေရတာကမှ ကောင်းမယ်ဆိုတဲ့ အတွေးတစ်ခုကော၊ ပြီးရင် ဒီဘက်မှာက ဘယ်လိုပဲ နေနေ ဘာပဲဖြစ်ဖြစ် ဘယ်လို အန္တရာယ်ပဲဖြစ်ဖြစ် ဆိုပြီးတော့ ကျွန်တော် အလင်းဝင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အတွေးနဲ့ ဒီမှာရောက်တော့ ကြိုဆိုတဲ့ပုံစံက လုံးဝတခြားစီဖြစ်ပါတယ်။ ဒီမှာ နွေးနွေးထွေးထွေးကျွန်တော့်ကို ကြိုပါတယ်။ တပ်ကလည်း နွေးနွေးထွေးထွေးကြိုတယ်။ ကောင်းကောင်းမွန်မွန်လည်း ထားပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် အဓိကကတော့ ဟိုဘက်မှာ လုံးဝမနေချင်တဲ့အတွက် ကိုယ့်မိသားစုနဲ့ပဲ အေးအေးဆေးဆေးနေချင်တဲ့ အတွက်ကြောင့် အလင်းဝင်ခဲ့ရတာ ဖြစ်ပါတယ်။ ကျန်နေခဲ့တဲ့ ရဲဘော်တွေ၊ ညီအစ်ကိုတွေ အလင်းဝင်ဖို့အတွက် မဝင့်မရဲဖြစ်နေတဲ့ ဟာတွေ သူတို့ပြောတာတွေက တခြားစီပါ။ ကျွန်တော်ကိုယ်တိုင် ဒီဒဏစ(ကလေး) အထဲကို ရောက်နေပါပြီ။ လူကြီးတွေလည်း သူတို့အဆင့်အဆင့် နွေးနွေးထွေးထွေးနဲ့ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်လည်း ထားတယ်။ အဲဒီတော့ ဖိုးရိမ်စရာလည်းမရှိပါဘူး။ စိတ်ချလက်ချနဲ့ အမြင်မှန်ရုပြီးတော့ ကျွန်တော်နဲ့အတူတူ ဒီကို အလင်းဝင်ဖို့အတွက် လာရောက်ဖို့အတွက်လည်း ဒီက လူကြီးတွေ ပြောနေပါတယ်။ အလင်းဝင်ဖို့ အတွက်လည်း ခေါ်နေပါတယ်။ အဲဒါဆိုတော့ ကျွန်တော့်ကိုသာ ကြည့်ပါ။ ကျွန်တော် ကောင်းကောင်းမွန်မွန် ရှိပါတယ်။ ဒဏ်ရာဒဏ်ချက်တစ်ခုမှလည်း မရပါဘူး။ တစ်ချက်မှလည်း မရှိပါဘူး။ နှိပ်စက်တာတွေ ဘာတွေမရှိပါဘူး။ သူတို့ပြောထားတဲ့အတိုင်းနဲ့ လုံးဝတခြားစီဖြစ်နေပါတယ်။ ဒီမှာ နွေးနွေးထွေးထွေးနဲ့လည်း ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် လည်း ထားတယ်။ အစစအရာရာ အကုန် အဆင်ပြေပါတယ်။ ကျွန်တော်နဲ့အတူ အလင်းဝင်ဖို့ အတွက်ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။ ရဲရဲဝံ့ဝံ့သာလာခဲ့ပါလို့ ကျွန်တော်တို့ရဲ့ ကျန်တဲ့ ညီအစ်ကိုတွေ၊ ရဲဘော်တွေ အကုန်လုံးကို ကျွန်တော်ဒီနေရာကနေပြီးတော့မှ ပြောချင်ပါတယ်။" **သတင်းစဉ်**



ဖိုးသကြိန်(ခ)တန်ခူး

စားအုန်းဆီနှင့် နောက်ဆက်တွဲနှလုံးရောဂါ

စားသုံးဆီသည် မြန်မာတို့၏ နေ့စဉ်ကြော်လှော်ချက်ပြုတ်ရာတွင် မရှိမဖြစ် အခြေခံစားသောက်ကုန်တစ်ခုဖြစ်ပါသည်။ စားသုံးဆီဟုဆိုရာ၌ ရှေးအစဉ်အဆက် ဘိုးဘေးများလက်ထက်မှပင် စားသုံးလာကြသည့် ပြည်တွင်းဖြစ် မြေပဲဆီနှင့် နှမ်းဆီတို့အပြင် ခေတ်ကာလလိုအပ်ချက်အရ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီ စသည်တို့လည်း ပါဝင်နေပါသည်။

အိအိချော (CTQM)


စားအုန်းဆီကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ။

မြန်မာတို့၏ စားသုံးဆီစားသုံးခြင်းအပေါ် နှစ်သက်မြတ်နိုးမှုကို **"ဆီရွှဲဖွံ့တောင် ဟင်းဖြစ်"** ဆိုသည့်စကားရပ်က သက်သေခံနိုင်ပါသည်။ ထို့ပြင် ဟင်းချက်စားရာ၌ ဆီနည်းနေသည့်အခါ ဆီပြန်ဟင်းမဖြစ်ဘဲ ခြောက်ခြောက်ကပ်ကပ်ဖြစ်နေပါက **"ဆီမပါ ငြားမပါ"** ဟု ထုတ်ဖော်ပြောဆိုရလောက်အောင် စိတ်မကျေနပ်မှုကို ပြသတတ်ကြပါသည်။ ဤမျှလောက် စားသုံးဆီစားသုံးမှုကို နှစ်သက်ကြသော မြန်မာပြည်သူများအနေဖြင့် **"မိမိတို့ ဝယ်ယူသုံးစွဲနေသော စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေး ပိုင်းဆိုင်ရာ အကြောင်းအရာများသည် မိမိတို့ ကျန်းမာရေးနှင့် တိုက်ရိုက် ဆက်စပ်နေသည်"** ဟူသော အချက်ကို နှလုံးသွင်းထားရမည်ဖြစ်ပါသည်။

စားသုံးဆီတို့၏ အရည်အသွေး

စားသုံးဆီတို့၏ အရည်အသွေးပိုင်းဆိုင်ရာအကြောင်းအရာများကို လေ့လာကြည့်မည်ဆိုလျှင် စားသုံးဆီတစ်မျိုးချင်းစီ၏ အဆီအက်စစ်များ ဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစားတို့က အဓိကကျလှပါသည်။ စားသုံးဆီသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ်(Fatty Acid) နှင့် ဂလစ်စရော (Glycerol) တို့ ပေါင်းစပ်ပါဝင်နေပါသည်။ ယင်းအဆီအက်စစ်အပိုင်းတွင် မပြည့်ဝမှုတစ်ခုပါသော အဆီအက်စစ် (Mono Unsaturated Fatty Acid)၊ မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (Poly Unsaturated Fatty Acid) နှင့် ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid) များသည် အချိုးအစားအမျိုးမျိုးတို့ဖြင့် ပါဝင်ပေါင်းစပ်လျက် တည်ရှိကြပါသည်။ ၎င်းတို့၏ ပေါင်းစပ်မှုအချိုးပေါ်မူတည်၍ စားသုံးဆီများ၏ အရည်အသွေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ကွဲပြားနေရခြင်းဖြစ်ပါသည်။

မြန်မာ့စားသုံးဆီ ဈေးကွက်တွင် အရောင်းရဆုံး စားသုံးဆီအမျိုးအစားနှင့် စားသုံးသူများ သုံးစွဲမှုအများဆုံး စားသုံးဆီမှာ **"စားအုန်းဆီ"** ဖြစ်ပါသည်။ စားအုန်းဆီပြီးလျှင် မြေပဲဆီသည် သုံးစွဲမှုအများဆုံးဆီဖြစ်ပါသည်။

မြန်မာစားသုံးသူတို့အများဆုံးစားသုံးကြသည့် စားအုန်းဆီသည် ဆီအုန်းသီး၏ အသားပိုင်းကို ကြိတ်ချေခြင်းမှရရှိလာသည့် ဆီကြမ်းကို နည်းပညာသုံး၍ အဆင့်ဆင့်ပြန်လည် သန့်စင်ပြီးမှရရှိလာခြင်းဖြစ်ပါသည်။ ဆီကြမ်း(Crude Oil) အဆင့်တွင် အနီရောင်အဖြစ် ခပ်ပျစ်ပျစ်တည်ရှိပြီး သန့်စင်ပြီးသောဆီချော (RBD Palm Oil) အဆင့်တွင် အဝါရောင်အဖြစ် ပြောင်းလဲလာကာအရည်နှင့် အနှစ်ပိုင်း တွဲဆက်လျက် (Semi-solid) တည်ရှိပါ သည်။ ၎င်းကို အအေးခံ၍ အရစ်ကျခွဲထုတ်ခြင်း (Fractionation) ပြုလုပ်ပြီးမှသာ ဆီအရည်ပိုင်း (RBD Palm Olein) ကို ရရှိနိုင်ပါသည်။

သန့်စင်ပြီးသောဆီချောများ (RBD Palm Oil) နှင့် အအေးခံခွဲထုတ်ပြီးသော ဆီအရည်ပိုင်း (RBD Palm Olein) တို့သည် ဆီကြမ်းအဆင့်တွင် ပါဝင်နေသည့် မကောင်းသော အချဉ်ဓာတ်၊ အခွဲဓာတ်၊ အနံ့နှင့် အရောင်တို့ကင်းစင်ပြီးဖြစ်သောကြောင့် စားသုံးဆီအဆင့်ဟု သတ်မှတ်နိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ ဓာတုဖွဲ့စည်းပုံကို CODEX STANDARD စံချိန်စံညွှန်းတွင် လေ့လာမည်ဆိုပါက Palm Oil တွင် Palmitic ပြည့်ဝအဆီအက်စစ် (39.3–47.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–6.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (36.0–44.0) ပါဝင်နေပါသည်။ ထိုနည်းတူ Palm Olein တွင် Palmitic ပြည့်ဝအဆီအက်စစ် (38.0–43.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–5.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (39.8–46.0) ပါဝင်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

စားသုံးဆီဈေးကွက်တွင် ဒုတိယရောင်းအားအကောင်းဆုံးဖြစ်သည့် မြေပဲဆီကို အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ (ဂဲ) သန့်စင်ပြီးသော အခွဲဓာတ်ပြီး မြေပဲဆန်ကို မိရိုးဖလာအတိုင်း ဆုံဖြင့်ကြိတ်၍ ဖြစ်စေ၊ ခေတ်မီစက်ဖြင့် ကြိတ်၍ဖြစ်စေ ရရှိနိုင်ပါသည်။ အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်အောက်ရှိသော ထုတ်လုပ်မှုဖြစ်စဉ်ကို အသုံးပြုထားသောကြောင့် အအေးကြိတ် သဘာဝဆီရိုင်း (Cold Pressed Virgin Oil) အဖြစ် တန်ဖိုးထားစားသုံးကြပါသည်။ ၎င်း၏ ဓာတုဖွဲ့စည်းပုံမှာ CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝအဆီအက်စစ် (8.0–14.0)၊ Stearic ပြည့်ဝအဆီအက်စစ် (1.0–4.5)၊ Oleic မပြည့်ဝအဆီအက်စစ် (35.0–69.0)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (12.0–43.0)တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရပါသည်။

"အစာလည်းဆေး၊ ဆေးလည်း အစာ" ဟု အယူအဆဖြင့် စားသောက်တတ်ကြသည့် မြန်မာတို့၏ မိရိုးဖလာ စားသုံးဆီတစ်မျိုးဖြစ်သော နှမ်းဆီကို နှမ်းစေ့လေးများကို အခွဲချွတ်၍ ကြိတ်သကဲ့သို့ အခွဲပါအတိုင်းလည်း ကြိတ်ကြပါသည်။ နှမ်းဆီသည်လည်း အအေးကြိတ်သဘာဝဆီရိုင်းဖြစ်ပြီး ၎င်း၏ ဓာတုဖွဲ့စည်းပုံသည် CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝအဆီအက်စစ် (7.9–12.0)၊ Stearic ပြည့်ဝအဆီအက်စစ် (4.5–6.7)၊ Oleic မပြည့်ဝအဆီအက်စစ် (34.4–45.5)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (36.9–47.9) တို့ ပါဝင်နေပါသည်။

ကျန်းမာရေးအတွက် အကျိုးသက်ရောက်

စားသုံးဆီတွင် ပါဝင်ဖွဲ့စည်းထားကြသော အဆီအက်စစ်များစွာရှိသည့်အနက် ရာခိုင်နှုန်း အများဆုံးဖြင့်ပါဝင်နေသော အဆီအက်စစ်အမျိုးအစားသည် ၎င်း စားသုံးဆီ၏ ဝိသေသလက္ခဏာ၊ ဂုဏ်အရည်အသွေးနှင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုတို့ကို အဆုံးအဖြတ်ပေးရာတွင် များစွာသက်ရောက်မှု ရှိစေပါသည်။ Palmitic အက်စစ်သည် ကာဗွန်အရေအတွက် ၁၆ လုံးပါသော ပြည့်ဝအဆီအက်စစ်အမျိုးအစားဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားစေသော သွေးတွင်း ကိုလက်စထရောဖြင့်မားမှုနှင့် ဆက်စပ်နေပါသည်။ Oleic Acid သည် ကာဗွန် ၁၈ လုံးပါပြီး မပြည့်ဝမှုတစ်ခုရှိသော မိုနိုမပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid) အမျိုးအစား ဖြစ်ပါသည်။ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုသော အဆီအက်စစ်ဟုလည်း မှတ်သားဖူးပါသည်။ ထို့ပြင် မပြည့်ဝမှုတစ်ခုထက်ပို၍ ပါဝင်ပြီး ကာဗွန် ၁၈ လုံးရှိသော Linoleic Acid သည် Poly Unsaturated Fatty Acid ဖြစ်ကာ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုပြီး သွေးအတွင်းရှိ ကောင်းသော ကိုလက်စထရောပါဝင်မှုကိုလည်း လျော့ကျစေနိုင်ပါသည်။

ဤသို့ဆိုလျှင် စားသုံးသူမိဘပြည်သူများအနေဖြင့် မိမိတို့နှစ်သက်စွာ ဝယ်ယူစားသောက်နေသော ဆီအမျိုးအစားများ၏ ဂုဏ်အရည်အသွေးများကို နှိုင်းယှဉ်စဉ်းစားနိုင်မည် ဖြစ်ပါသည်။ စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝအဆီအက်စစ်များ၏ ပမာဏသည် မြေပဲဆီ၊ နှမ်းဆီတို့ထက် များစွာမြင့်တက်နေသည်ကို တွေ့ရှိနိုင်သကဲ့သို့ မြေပဲဆီနှင့် နှမ်းဆီတို့တွင်ပါဝင်သော ကျန်းမာရေးအကျိုးပြု မပြည့်ဝအဆီအက်စစ်အမျိုးအစားများသည် စားအုန်းဆီတွင် ပါဝင်မှုပိုနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီကို နှစ်ရှည်လများ ပမာဏအတိုင်းအတာ အချိန်အဆ မရှိဘဲ စားသောက်နေကြသူများအနေဖြင့် မိမိတို့၏ သွေးတွင်းကိုလက်စထရောအတိုင်းအတာနှင့် နှလုံးအခြေအနေတို့ကို စစ်ဆေးထားသင့်ပါသည်။

ကျန်းမာရေးစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ၏ သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင်ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာ့နိုင်ငံများ၏ စားအုန်းဆီရောင်းဝယ်မှု

ကမ္ဘာ့နိုင်ငံများ၏ စားအုန်းဆီရောင်းဝယ်မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံသည် စုစုပေါင်း စားသုံးဆီသုံးစွဲမှု ဒဿဝဝဝ MT ဝန်းကျင် ရှိခဲ့ပြီး ၎င်း၏ ၉၀ ရာခိုင်နှုန်းမှာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းသော စားအုန်းဆီများဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်း စားသုံးဆီတင်သွင်းမှုအတွက် ဒေါ်လာသန်းပေါင်း ၅၅၀ သုံးစွဲခဲ့ရာ ယင်း၏ ၈၈ ရာခိုင်နှုန်းသည်လည်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများဖြစ်ကြောင်း၊ ပြည့်ဝဆီစားသုံးခြင်း၏ အကျိုးသက်ရောက်မှုအနေဖြင့် ၎င်းနိုင်ငံအတွင်း နှလုံးရောဂါ (Cardiovascular Disease) ခံစားရသူ များပြားလာခဲ့ကြောင်း လေ့လာသိရှိရပါသည်။

စားအုန်းဆီသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဟင်းချက်ဆီ (Cooking Oil) အုပ်စုတွင် ပါဝင်သော စားသုံးဆီဖြစ်သော်လည်း ကျန်းမာရေးအထောက်အကူပြု စားသုံးဆီ (Healthy Oil) အုပ်စုဝင်အဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့သည်မှာ ၎င်းတွင် ပမာဏများစွာပါဝင်နေသော ပြည့်ဝဆီကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) တို့က လည်း ပြည့်ဝဆီအလွန်အကျွံစားသုံးခြင်းသည် နှလုံးရောဂါခံစားရန် ဖြစ်နိုင်ခြေများကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ဆီကိုစား၍ အသားမဖြစ်သော်လည်း နေ့စဉ်လှုပ်ရှားသွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကို ရရှိနိုင်ရန် စားသုံးဆီကို မစားမဖြစ် စားနေကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့၏ကျန်းမာရေးကိုရှေးရှုပြီး ပြည့်ဝဆီများကို ရှောင်ရှားကြရမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း မပြည့်ဝဆီအများအပြားပါဝင်ပြီး ကျန်းမာရေးကို အထောက်အကူပေးနိုင်သော ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီတို့ကို ရွေးချယ်ဝယ်ယူကာ အနည်းဆုံးပမာဏလျှော့ချပြီး စားသောက်နေထိုင်သွားသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုးစာရင်း

၁။ MWD Web Portal, Myawaddy.net.mm

၂။ https://www.jstage.jst.go.jp/Article/jos/70/12/70

❁ ကျန်းမာရေးစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ၏ သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင်ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရ

❁ ဆီကိုစား၍ အသားမဖြစ်သော်လည်း နေ့စဉ်လှုပ်ရှားသွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကို ရရှိနိုင်ရန် စားသုံးဆီကို မစားမဖြစ် စားနေကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့၏ကျန်းမာရေးကိုရှေးရှုပြီး ပြည့်ဝဆီများကို ရှောင်ရှားကြရမည်



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးမှုအခြေအနေ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်ပိန်းဇလုပ်ဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှု။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ယမန်နေ့ည ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ် ၁၀၇/၁၀-၉ နေရာရှိ အစုန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်းထိခိုက်ပျက်စီးခဲ့ပြီး ကျောက်တံခါးနှင့် ပိန်းဇလုပ်ရထားလမ်းပိုင်းအား နံနက် ၉ နာရီတွင် ယာယီပိတ်ထားကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ အရှေ့ဘက်သံလမ်း နှစ်ပေခန့်နှင့် ၁၀ ပေအကွာတွင် အနောက်ဘက်သံလမ်း နှစ်ပေခန့် နှစ်နေရာပြတ်တောက်၍ ကွန်ကရစ်ဧလီဖား ၁၀ တုံး ပျက်စီးခဲ့ကြောင်းသိရှိရသည်။

မြန်မာ့မီးရထား၀န်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၁၁ နာရီ မိနစ် ၂၀ မှစတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ် (၉၀၂-A) အစုန်ကုန်ရထားသည် ပဲခူးယိမ်းကုန်းဘူတာသို့ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၀၂-B)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ညနေ ၆ နာရီ မိနစ်၂၀ ခန့်တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် အမှတ် (၉၂၃-B)အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင် လည်းကောင်း၊ အမှတ်(၉၁၃) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် လည်းကောင်း၊ အမှတ်(၉၁၄) အစုန်ကုန်ရထားသည် ဇေယျာဝတီဘူတာသို့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လည်းကောင်း၊ အမှတ်(၁၁)အဆန်လူစီးရထားသည် ညောင်လေးပင်ဘူတာသို့ နံနက် ၈ နာရီ ၄၉ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁)အဆန်စာပို့ရထားသည် ပဲခူးဘူတာသို့ နံနက် ၁၀ နာရီခွဲခန့်တွင်လည်းကောင်း ရောက်ရှိရပ်တန့်ထားခဲ့ရသည်။



တော်ဝိ-ပိန်းဇလုပ် အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီး ရထားများဖြတ်သန်းနေမှု။



တော်ဝိ-ပိန်းဇလုပ် အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီး ရထားများဖြတ်သန်းနေမှု။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြမ်းကြမ်းကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့မီးရထား

လွိုင်လင်မြို့နယ်အတွင်း တတိယအကြိမ် ဘိန်းခင်းဧက ၂၀ ဖျက်ဆီး

လွိုင်လင် ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့အနောက်ဘက် လျှိုမြောင်များတွင် ရေသွင်း၍ စိုက်ပျိုးထားသော ဘိန်းခင်းများကို တတိယအကြိမ်အဖြစ် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က သွားရောက်ဖျက်ဆီးခဲ့သည်။ (ယာပုံ)

ထိုသို့ သွားရောက်ဖျက်ဆီးရာတွင် လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးယာယီဒုတိယရဲမှူးကြီးမိုးညွန့်ထွန်း ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးလွင်ဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ပင်လုံမြို့အနောက်ဘက် လျှိုမြောင်များအတွင်း ရေသွင်းစိုက်ပျိုးထားသော အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ဧက ၂၀ ကို ဖေဖော်ဝါရီ ၂၄ ရက်မှစတင်၍ တတိယအကြိမ် ဖျက်ဆီးခဲ့ကြောင်းနှင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။



မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်း၍ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်) ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်၍ အောက်ပါ သတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နောက်ဆုံးထားပေးပို့ ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ဝ၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

ဆော်ဒီအာရေဗျနိုင်ငံ ရိရတ်ဒ်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ



သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရိရတ်ဒ်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိရွှေစင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရိရတ်ဒ်-မတ်စကတ် - ဗန်ကောက် - ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာ နိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများကို ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ-ကနူး

ညောင်တုန်းမြို့နယ်၌ မဲခေါင် - လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျော့ချရေး စံပြကျေးရွာထူထောင်ခြင်း စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ညောင်တုန်း ဖေဖော်ဝါရီ ၂၆

ညောင်တုန်းမြို့နယ်၌ မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျော့ချရေး စံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်းလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ (ယာပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းပိုင် နှင့် တာဝန်ရှိသူများက စက္ကော့တောင်ကျေးရွာအုပ်စု အုန်းပင်စုစီးပြကျေးရွာရှိ မြစ်ဝကျွန်းပေါ်ဒေသတွင် မဲခေါင် - လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အုန်းပင်စုစီးပြကျေးရွာတွင် Green House နှင့် Net House အတွင်း စိုက်ပျိုးထားရှိမှုကို လာရောက်လေ့လာကြသည့်အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (စက္ကော့) မှ ကျောင်းသား ကျောင်းသူများအား အပင်များစိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေးအသိပညာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ် အလုံး ၃၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့၍ နေအိမ်အလုံး ၃၀ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မိဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက် ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများအား အဓမ္မလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်း မရှိသည့် မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ၎င်းတို့အလေ့ကြောက်ရွံ့နာခံလာစေရန် အတွက် ခေါင်းစဉ်အမျိုးမျိုးပြု၍ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မိဒီယာများ အနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျိုက်လတ်၌ ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေးတိုက်ကျွေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

ကျိုက်လတ် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ ကလေးငယ်များ ပိုလီယိုရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်နှင့် အနာဂတ်ကလေးငယ်များ၏ဘဝ ပိုလီယိုရောဂါ ကင်းဝေးစေရန်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းမှစကာ ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေးတိုက်ကျွေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေး တိုက်ကျွေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ အသက်နှစ်လမှ ၅၉ လအထိ ကလေးငယ်များအား စာရင်းရေးသွင်းပြီး ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။ (ယာပုံ)



မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ နိုင်ငံစိုးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အသင်း (၇) မှ အသင်းသား ၃၂၆ ဦး၏ စိုက်ပျိုးဧရိယာ ၈၆၀၀ ကို သမဝါယမကဏ္ဍမှ နွေစပါးစိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းအား တွေ့ရစဉ်။ ခရိုင် (ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ ဆောင်းသီးနှံနေကြာ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု၏ ပံ့ပိုးမှုဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသည့် မျိုးနှင့်သွင်းအားစုများကို အသုံးပြုကာ သမဝါယမအသင်းသားများ၏ စိုက်ကေ ၁၅၀ တွင် ရေဆင်းစပ်မျိုး -၁ နှင့် ဆူရာကီရမ်မျိုးများဖြစ်သည့် ဆောင်းသီးနှံနေကြာများကို စိုက်ပျိုးထားရှိသည်။

ငါးကြီးကွေ့ကျေးရွာ၊ ငါးကြီးကွေ့စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးနိုင်နိုင်၏ စပြစိုက်ခင်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် ပျားပုံးများ ထားရှိပြီး ရှရှားသဘာဝရွက်ဖျန်းဆေးအသုံးပြုကာ စိုက်ပျိုးထားရှိမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီး သမဝါယမမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွဋ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီနယ်မြေအတွင်း ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

"၂၀၃၀ ပြည့်နှစ်တွင် ခွေးမှ တစ်ဆင့် ကူးစက်တတ်သော ခွေးရူးရောဂါကြောင့် လူသေဆုံးမှု ပျောက်ရေး" ဟူသော တစ်ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ဓမ္မာသိရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်တို့၌ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်သည်။



အဆိုပါအစီအစဉ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကြည့်ရှုအားပေးပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) စစ်တမ်းများအရ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ဖြစ်ပွားလျက်ရှိသော ခွေးရူးရောဂါကြောင့် နှစ်စဉ်လူပေါင်း ၆၀၀၀၀ နီးပါး အသက်ဆုံးရှုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ် ခွေးကိုက်ခံရသူဦးရေ မြင့်တက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ၁၈၀၀၀၀၊ ၂၀၁၈ ခုနှစ်တွင် ၁၉၂၀၀၀ နှင့် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၁၉၃၀၀၀ ခွေးကိုက်ခံခဲ့ရကြောင်း၊ သေဆုံးမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၁၄၅ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၇၁ ဦး၊ ၂၀၁၉ ခုနှစ် ပထမငါးလတွင် ၇၀ ရှိခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ခွေးရူးရောဂါဖြစ်ပွားသူ လူဦးရေ ၏ ၉၅ ရာခိုင်နှုန်းကျော်မှာ ခွေးကိုက်ခံရခြင်းမှတစ်ဆင့် ရောဂါကူးစက်ခံရပြီး အများအားဖြင့် ဆင်းရဲနွမ်းပါးပြီး အသိပညာနည်းပါးသည့် ကျေးလက်တောရွာများတွင်ဖြစ်ပွားကြောင်း၊ မြန်မာနိုင်ငံတွင် ခွေးကောင်ရေလေးသန်း ကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်မှာ လမ်းဘေးခွေးများ ဖြစ်သည့် အတွက် ခွေးရူးရောဂါဖြစ်ပွားမှု ပမျောက်စေရေး ဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့ရပြီး လမ်းဘေးခွေးကောင်ရေ လျော့ပါးသွားစေရန် သားဆက်ခြားနည်း သို့မဟုတ် သားကြောဖြတ်နည်းများ အသုံးပြု ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ခွေးကြောင်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကာကွယ်ဆေးများ ကြိုတင်ထိုးနှံပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

Mass Dog Vaccination ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွေးရူးရောဂါကင်းစင်ရေးအတွက် အမျိုးသားအဆင့် စီမံကိန်း (၂၀၁၈ - ၂၀၃၀) ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ ပျဉ်းမနားမြို့နယ်၊ ဓမ္မာသိရိမြို့နယ်၊ ဒက္ခိဏာသိရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသိရိမြို့နယ်၊ ပုဗ္ဗသိရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရာသိရိမြို့နယ်များ၌ ခွေးရူးရောဂါ ကင်းစင်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇ - ၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၂၈၅	၂၃၂၂	၂၂၉၅	၂၂၃၀	၂၃၃၅	၂၃၅၀	၂၃၆၅	၂၂၈၅	၄၅၀၅	၂၅၀၀	၂၃၀၀	၂၃၀၅	၂၃၇၅	၂၃၄၀	၂၃၆၀	၂၆၆၅
95 Ron	၂၂၇၀	၂၃၈၅	၂၃၅၀	၂၂၈၅	၂၃၉၀	၂၄၀၅	၂၄၂၀	၂၃၄၀	၄၅၆၀	၂၆၆၀	၂၃၆၀	၂၃၆၀	၂၃၄၀	၂၃၉၅	၂၄၂၀	၂၆၆၅
HSD (500 ppm)	၂၀၆၅	၂၀၈၀	၂၀၄၅	၂၀၆၀	၂၀၈၅	၂၁၀၀	၂၁၂၀	၂၀၄၅	-	၂၀၃၀	၂၀၅၅	၂၀၅၅	၂၁၂၅	၂၀၆၀	၂၁၀၀	၂၁၀၀
HSD (50 ppm)	၂၃၂၅	၂၃၄၅	၂၃၀၅	၂၃၄၀	၂၃၄၅	၂၃၅၀	၂၃၆၅	၂၃၂၅	၄၈၀၀	၂၃၆၀	၂၃၅၀	၂၃၅၅	၂၃၅၅	၂၃၅၀	၂၃၇၀	၂၈၂၅
HSD (10 ppm)	၂၃၂၅	၂၃၄၅	၂၃၀၅	၂၃၄၀	၂၃၄၅	၂၃၅၀	၂၃၆၅	၂၃၂၅	-	၂၃၆၀	၂၃၅၀	၂၃၅၅	၂၃၅၅	၂၃၅၀	၂၃၇၀	၂၈၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၃၈	၃၁၃၂
95 Ron	၃၀၉၄	၃၁၈၉
HSD (500 ppm)	၂၆၀၄	၂၆၈၅
HSD (50 ppm)	၃၂၄၁	၃၃၃၆
HSD (10 ppm)	၃၂၄၁	၃၃၃၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၆ - ၂ - ၂၀၂၅ ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၇၄၀၀	၇၂၀၀	၃၅၁	၂၅၅၈၄၀၀
MTSH	၃၀၀၀	၃၀၀၀	၇၀၂	၂၀၇၄၈၀၀
MCB	၈၀၀၀	၈၀၀၀	၁၀	၈၀၀၀၀
FPB	၁၉၀၀	၁၉၅၀	၁၀၃	၁၉၅၇၅၀
TMH	၂၈၅၀	၂၈၅၀	၆	၁၇၁၀၀
EFR	၁၆၀၀	၁၆၀၀	၁၀၃၃	၁၆၀၂၈၀၀
AMATA	၃၉၀၀	၃၉၀၀	၁၇	၆၆၃၀၀
MAEX	၃၂၅၀	၃၂၅၀	၁၉၀	၆၁၇၅၀၀
MADPL (PLB)	၂၉၅၀	၂၉၅၀	၀	၀

❍ *ကျောဖုံးမှ*

အကောင်းဆုံးရင်ဆိုင်ကာ အနိုင်ရဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ နီပေါလေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ အိမ်ရှင်နီပေါ၊ မြန်မာ၊ လက်ဘနွန်၊ ကာဂျွတန်အသင်းတို့ဖြင့် ကျင်းပခဲ့ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကာဂျွတန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး နီပေါအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ အမှတ်အများဆုံးနှစ်သင်းဖြစ်သည့် မြန်မာအသင်းနှင့် နီပေါအသင်း ဗိုလ်လုပွဲ ပြန်လည်ကစားရာ မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဖိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ်က အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် Hero Gold Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရပြီးနောက် နိုင်ငံတကာဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတစ်ခုတွင် ချန်ပီယံဆု ပြန်လည်ရယူနိုင်ခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း (ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းလဲ့ဦး၊ ခင်မိုမိုထွန်း၊ ခင်မျိုးသန္တာထွန်း၊ စန်းသော်သော်၊ ယွန်းဝတီလှိုင်၊ ဝင်းသိဂီထွန်းတို့ဖြင့် ပွဲထွက်လာသည်။ အိမ်ရှင်နီပေါအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ မြန်မာအသင်းအနေဖြင့် ခံစစ်အမှားမရှိစေရန် အာရုံစိုက်ကစားခဲ့ရပြီး မိနစ် ၂၀ နောက်ပိုင်းမှ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများ ရသော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပိုမိုဖိကစားလာနိုင်ပြီး ၆၂ မိနစ်တွင် ရူပါခိုင်၊ ၆၅ မိနစ်တွင် ဝင်းသိဂီထွန်းတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

❖ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းက ၅၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၈ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၄၄ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၃၀၊ အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၆ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ မြဝတီအသင်းက ရှစ်မှတ် ရရှိထားသည်။

ချန်ပီယံအသင်းအပါအဝင် ထိပ်ဆုံးသုံးသင်း၊ အဆင့်ရပ်တည်မှုအများစုထွက်ပေါ်ထားသဖြင့် နောက်ဆုံးပွဲတွင် အဆင့် ၅ နေရာ၊ တန်းဆင်းဇုန်အတွက် တစ်နေရာသာ အဖြေထွက်ပေါ်ရန် ကျန်ရှိတော့သည်။ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်ပွဲအပြီးတွင် ချန်ပီယံဆုရထားသည့် ရှမ်းယူနိုက်တက်အသင်းကို ချန်ပီယံဆုဖလားချီးမြှင့်မည်ဖြစ်သည်။

ရဲရင့်လွင်

◆ *ကျောဖုံးမှ*

ဆောက်သမ်တန်အသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံသုံးပွဲတွင် သုံးပွဲစလုံးရှုံးနိမ့်ထားသည်။ သို့သော်လည်း ချယ်ဆီးအသင်းသည် ယခုပွဲစဉ်တွင် အဆိုပါရှုံးပွဲဆက်မှုကို ချေဖျက်ကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် ဆောက်သမ်တန်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့် အတွက် ပရီမီယာလိဂ် ၂၇ ပွဲကစားပြီး ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေသည်။ ဆောက်သမ်တန်အသင်းသည် တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ချယ်ဆီးအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ထက်မနည်းရရှိခဲ့သော်လည်း အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိခဲ့ပေ။

ချယ်ဆီးအသင်းက ဂိုးပေါက်ခြင်းခြောက်မှုအသာနှင့်အတူ ဆောက်သမ်တန်အသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို အင်ခွန်ကူ၊ နီတို၊ ကိုးဝဲလ်နှင့် ကူကူရယ်လာတို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က ဘုန်းမောက်ကို နှစ်ဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့စ်က အက်စ်တွန်ဗီလာကို လေးဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က ဝုဖ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ကြသည်။

အောင်ဇော်

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

အမေရိကန်ဒေါ်လာ ငါးသန်းတန် “Gold Card”နှင့် အမေရိကန်တွင် အမြဲတမ်းနေထိုင်ခွင့်ရမည်ဟု ထရမ့်ပြော

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

ရင်းနှီးမြှုပ်နှံသူများကို ထုတ်ပေးလေ့ရှိသည့် ၃၅ နှစ်ကြာ ဗီဇာအဟောင်းနေရာတွင် အမေရိကန်ဒေါ်လာငါးသန်းနှင့် အမေရိကန်နိုင်ငံသားဖြစ်ခွင့်ရရှိမည့် “Gold Card” ဗီဇာအစီအစဉ်ကို ထုတ်ပေးရန် စီစဉ်နေကြောင်း အမေရိကန်သမ္မတဒေါနယ်ထရမ့်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ငွေကြေးချမ်းသာသည့် နိုင်ငံခြားသားများသည် ထရမ့်၏ “Gold Card” ကို အမေရိကန်ဒေါ်လာငါးသန်းနှင့်ဝယ်ယူပြီး အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိတော့မည်ဖြစ်သည်။

အဆိုပါကတ်များကို ဝယ်ယူမည့်သူများသည် ချမ်းသာပြီး အောင်မြင်နေသူများဖြစ်သလို ငွေကြေးအမြောက်အများ သုံးစွဲကြမည့်သူများလည်းဖြစ်ကြောင်း၊ အခွန်အများကြီးပေးဆောင်မည့်သူများဖြစ်သည့်အပြင် လူအများကြီးကို အလုပ်ပေးမည့်သူများလည်းဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် အလွန်အောင်မြင်လာလိမ့်မည်ဖြစ်ကြောင်း ထရမ့်က ဘဲဥပုံရုံးခန်း၌ ပြောကြားခဲ့သည်။

အဆိုပါကတ်တစ်သန်းကျော်ကို လာမည့် သီတင်းနှစ်ပတ်အတွင်း ရောင်းချသွားမည်ဖြစ်ကြောင်း ထရမ့်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ထရမ့်၏ “Gold Card” များကို အီးဘီ-၅ ဗီဇာများနေရာတွင် သီတင်းနှစ်ပတ်အတွင်း အစားထိုးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ဟောဝပ်ဒ်လုတ်နစ်က ပြောကြားခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖြစ်ပေါ်စေရန် ၁၉၉၀ ပြည့်နှစ်တွင် အီးဘီ-၅ ဗီဇာများကို လွှတ်တော်က ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။

“Trump Gold Card”များကိုဝယ်ယူသူများသည် “Green Card” ကိုင်ထားသူများနှင့် တူညီသည့် အခွင့်အရေးများကို ခံစားရမည်ဖြစ်သည်။ “Green Card” ကိုင်ဆောင်ထားသူများသည် သတ်မှတ်ချက်



အချို့နှင့်ပြည့်မီသည့် တရားဝင်အမြဲတမ်းနေထိုင်ခွင့်ရရှိသူများ ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများကို ထုတ်ပေးသည့် ဗီဇာများကို ကမ္ဘာတစ်ဝန်းတွင် တွေ့ရလေ့ရှိသည်။ အမေရိကန်၊ အင်္ဂလန်၊ စပိန်၊ ဂရိ၊ မော်လ်တာ၊ ဩစတြေးလျ၊ ကနေဒါနှင့် အီတလီနိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်သည် ချမ်းသာကြွယ်ဝသူများကို “Golden Visas” များ ထုတ်ပေးလေ့ရှိကြောင်း ဟန်လေနှင့်မိတ်ဆွေများ အကြံပေးကုမ္ပဏီက ပြောသည်။ **အေပီ၊ အင်နဒ်အိတ်ချ်ကေ**

၂၀၂၄ ခုနှစ်အတွင်း လန်ဒန်မြို့ဟီသရိုးလေဆိပ်သို့ ခရီးသွား ၈၃ ဒသမ ၉ သန်း စံချိန်တင်ဝင်ရောက်

လန်ဒန် ဖေဖော်ဝါရီ ၂၆

၂၀၂၄ ခုနှစ်အတွင်း လန်ဒန်မြို့ရှိ ဟီသရိုးလေဆိပ်သို့ ခရီးသွား ၈၃ ဒသမ ၉ သန်း စံချိန်တင်ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၆ ရာခိုင်နှုန်း တိုးလာကြောင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် လေဆိပ်အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ဟီသရိုးလေဆိပ်သို့ ၂၀၁၉ ခုနှစ်ကဝင်ရောက်သည့် ခရီးသွား ဦးရေထက် ၂၀၂၄ ခုနှစ်တွင် ဝင်ရောက်သည့် ခရီးသွားဦးရေမှာ သုံးသန်းခန့် ပို၍များပြားကြောင်း သိရသည်။

ငါးနှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ နှစ်၏ စီးပွားရေးလုပ်ငန်းများ အားကောင်းလာသည့် ရလဒ်ဖြစ်ပြီး လာမည့် သီတင်းပတ်များအတွင်း ဟီသရိုးဘုတ်အဖွဲ့သည် ၎င်းတို့၏



ရှယ်ယာရှင်များကို အဖြတ်ငွေ ပေါင်သန်း ၂၅၀ ပေးသွားရန် ဆုံးဖြတ်ထားသည်ဟု ကြေညာချက် ထုတ်ပြန်ထားသည်။

နှစ်အတန်ကြာအခြေအတင် ဖြစ်ပြီးနောက် ဗြိတိန်အစိုးရသည် ဟီသရိုး လေဆိပ်ချဲ့ထွင်ခြင်းကို ထောက်ခံကြောင်း ကြေညာခဲ့သည်။

လေဆိပ်ကြောင့် အလုပ် အကိုင် ၁၀၀၀၀၀ ကျော် ဖန်တီးနိုင်ပြီး ဗြိတိန်၏စီးပွားရေးကို ဘီလီယံနှင့်ချီ ဖြင့်တင်ပေးသည့် အတွက် ယခုလို ထောက်ခံခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ကွန်ဒိုသစ်ဈေးနှုန်းများ စံချိန်တင်မြင့်မား

တိုကျို ဖေဖော်ဝါရီ ၂၆

ဂျပန်နိုင်ငံတစ်လွှား အသစ်တည်ဆောက်ထားသည့် ကွန်ဒိုမီနီယံပျမ်းမျှဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်အတွင်း ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားလာကြောင်း ပုဂ္ဂလိကသုတေသနကုမ္ပဏီဖြစ်သည့် အိမ်ခြံမြေစီးပွားရေးအဖွဲ့အစည်း၏ ဖေဖော်ဝါရီ ၂၆ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ကွန်ဒိုသစ်ဈေးနှုန်းများမှာ ဂျစ်နှစ်ဆက်တိုက် စံချိန်တင်မြင့်မားနေခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ကွန်ဒိုသစ်ပျမ်းမျှဈေးနှုန်းမှာ လွန်ခဲ့သည့်နှစ်က ယန်း ၆၀ ဒသမ ၈၂ သန်း၌ရှိပြီး ယန်းငွေ သန်း ၆၀ ထက်ကျော်လွန်သွားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းနှင့် လုပ်သားစရိတ်ကြီးမြင့်သည့်အတွက် ဆောက်လုပ်ရေးစရိတ်စကများ ကြီးမြင့်ရခြင်းဖြစ်သည်။ တိုကျိုမြို့ဧရိယာအတွင်း ကွန်ဒိုပျမ်းမျှဈေးနှုန်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားပြီး ကင်ကီဧရိယာတွင်မူ ဈေးနှုန်းမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ဆောက်လုပ်ရေး စရိတ်စကများကြီးမြင့်မှုနှင့် လူကြုံကျကများသည့်နေရာများတွင် အထူးဈေးနှုန်းများဖြင့် ရောင်းချမှုများကြောင့် နိုင်ငံတစ်ဝန်း ကွန်ဒိုဈေးနှုန်းများ ဆက်လက်မြင့်တက်သွားမည်ဟု သုတေသနကုမ္ပဏီက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

တောင်အာဖရိကဥ္စ နှစ်ရက်ကြာ ဂျီ - ၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးစတင်

ကိတ်တောင်း ဖေဖော်ဝါရီ ၂၆

ဂျီ - ၂၀ စီးပွားရေးအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟို ဘဏ်အုပ်ချုပ်ရေးမှူးများသည် တောင်အာဖရိကနိုင်ငံ ကိတ်တောင်း မြို့၌ နှစ်ရက်ကြာအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဘဏ်အုပ်ချုပ်ရေးမှူး အုအိဒါကာဇူအိုနှင့် ဘဏ္ဍာရေးဝန်ကြီး ဆိုင်တို ဟိရိုအာကီတို့လည်း ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။ အစည်းအဝေးပထမနေ့တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အခြေအနေကို သုံးသပ်ကြမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဒေါနယ်ထရမ့်၏ ကုန်သွယ်မူဝါဒအသစ်များကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကိုပါ ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အိုင်တီကုမ္ပဏီကြီးများအတွက် သင့်လျော်သောအခွန်ကောက်ခံမှုကဲ့သို့သော နိုင်ငံတကာအခွန်ကောက်ခံမှုဆိုင်ရာ စည်းမျဉ်းအသစ်များနှင့်ပတ်သက်၍ ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘဘက်စ်ဆန့်သည် ယခု အစည်းအဝေးကို တက်ရောက်ခြင်းမရှိကြောင်း သိရသည်။

အင်နဒ်အိတ်ချ်ကေ

ဂြိုဟ်သိမ် ၂၀၂၄ ဝိုင်အာရ် ၄ က ကမ္ဘာကို အန္တရာယ်မပေးနိုင်တော့ဟု နာဆာပြော

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

ကနဦးတွင် အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသော ဂြိုဟ်သိမ် ၂၀၂၄ ဝိုင်အာရ် ၄ သည် ၂၀၃၂ ခုနှစ်နှင့် ယင်းနောက်ပိုင်းတွင် ကမ္ဘာကို အန္တရာယ်မပေးနိုင်တော့ကြောင်း နာဆာက အတည်ပြုပြောကြားလိုက်သည်။

ဘောလုံးကွင်းတစ်ကွင်း အရွယ်အစားခန့်ရှိသော ကမ္ဘာနှင့် အနီးရှိ အဆိုပါဂြိုဟ်သိမ်ကို ယမန်နှစ်ဒီဇင်ဘာလတွင် ပထမဆုံး အကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကျွမ်းကျင်သူများသည် ယခင်က ကမ္ဘာကို ဂြိုဟ်သိမ်ဝင်တိုက်နိုင်ခြေ ၃ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းခဲ့ကြသော်လည်း ပြီးခဲ့သည့်သီတင်းပတ်တွင် ၀ ဒသမ ၂၈ ရာခိုင်နှုန်းသာ ရှိတော့သည်ဟု ဆိုသည်။

နာဆာ၏ နောက်ထပ်စောင့်ကြည့်လေ့လာဆန်းစစ်မှုများအရ ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဂြိုဟ်သိမ်၏သက်ရောက်မှု အလားအလာမှာ ၀ ဒသမ ၀၀၄ ရာခိုင်နှုန်းသာရှိတော့မည်ဖြစ်ကြောင်း ကမ္ဘာအနီး အရာဝတ္ထုလေ့လာရေးဆိုင်ရာ စင်တာက ပြောသည်။

သို့သော်လည်း လက်ရှိဂိုဏ်ခတ်နိုင်သည့် အလားအလာ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိနေသေးကြောင်း ဆိုသည်။ နာဆာသည် ဂြိုဟ်သိမ် ၂၀၂၄ ဝိုင်အာရ် ၄ နှင့်ပတ်သက်ပြီး စောင့်ကြည့်လေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**



အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးနှင့်ဆက်စပ်သည့် သဘာဝဘေးကြောင့် ၃၆ ဦး သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတစ်လွှား မိုးနှင့်ဆက်စပ်သည့် သဘာဝဘေးကြောင့် သေဆုံးသူ ၃၆ ဦးရှိကာ ဒဏ်ရာရရှိသူ ၄၀ ခန့်ရှိသည်ဟု အမျိုးသားသဘာဝဘေး အာဏာပိုင်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ မူလာ ဂျာနန်ဆော့ခ်က ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောသည်။

သဘာဝဘေးကြောင့် ဒေသခံ ၃၀၀ ကျော်၏နေအိမ်များ ပျက်စီးသွားပြီး ရုတ်တရက်ရေကြီးမှုကြောင့် စိုက်ပျိုးမြေဧက ရာနှင့်ချီ၍ ပျက်စီးခဲ့ရသည်။ ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ကာ မြို့တော် ကဘူးလ်အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံရှိအစိတ်အပိုင်းအများစုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ဆီးနှင်းများကျဆင်းခဲ့သည်။

နိုင်ငံအတွင်း ပြည်နယ် ၃၄ ခုအနက် ၃၂ ခုတွင် ဆီးနှင်းကျခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်မည်ဟု နိုင်ငံ၏မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

၂၀၂၅ ခုနှစ်၊ စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် အထောက်အကူပြု သိကောင်းစရာများ

ဒေါက်တာရဲမြင့်အောင်၊ ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၅ ခုနှစ်၊ မတ်လမှာကျင်းပမယ့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ မေးခွန်းပုံစံတို့ပဲ ဖြစ်ပါတယ်။

Grade 12 ဓာတုဗေဒပြဋ္ဌာန်းစာအုပ်မှ အခန်း ၈ ခန်း ကို ဓာတုဗေဒဘာသာရပ်ရဲ့ ဘာသာရပ်ခွဲများဖြစ်တဲ့ Inorganic Chemistry, Physical Chemistry, Organic Chemistry နဲ့ Environmental Chemistry ဆိုပြီး အပိုင်း ၄ ပိုင်း ပါဝင်ပါတယ်။ အခန်း ၁ နဲ့ ၆ ကတော့ Inorganic Chemistry၊ အခန်း ၂၊ ၃၊ ၄ နဲ့ ၅ ကတော့ Physical Chemistry၊ အခန်း ၇ ကတော့ Environmental Chemistry ဖြစ်ပြီး အခန်း ၈ က Organic Chemistry ဖြစ်ပါတယ်။

Chapter 1 Chemical Bonding and Intermolecular Forces သင်ခန်းစာဟာ အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်တဲ့သင်ခန်းစာပဲ ဖြစ်တယ်။ Section အလိုက်လေ့လာမည်ဆိုလျှင်-

1.1 BASIC CONCEPTS TO UNDERSTAND CHEMICAL BONDING

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်သွင်းပုံကို သေချာစွာနားလည်ရပါမည်။ Electronic configurations တွေမှာ Aufbau principle အရ electron တွေကို energy level အနည်းအများအလိုက် 1s 2s 2p 3s 3p 4s 3d 4p ------ စသည်ဖြင့် ဖြည့်သွင်းရမှာဖြစ်ပါသည်။

Electronic configuration of potassium

Hydrogen ($_1$H)မှ argon ($_{18}$Ar)ထိ electronic configuration ဖော်ပြရာတွင် shell number အစဉ်တိုင်း ဖြည့်သွင်းလာရမည်ဖြစ်သည်။ သို့သော် Potassium ($_{19}$K) ၏ electronic configuration ကို ဖော်ပြပါက အပြင်ဘက်ဆုံး outer electron ကို 3*d* subshell အစား 4*s* subshell ကို အရင်ဖြည့်သွင်းရပါမည်။ energy level အရ 4*s* က 3*d* ထက် နိမ့်၍ ဖြစ်ပါသည်။ (because the 4*s* is below the 3*d* in terms of its energy). Potassium ရဲ့ electronic configuration ကို $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^6\ 4s^1$ ဟု ဖော်ပြနိုင်ပါသည်။

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်သွင်းပုံကို သေချာစွာ နားလည်ဖို့အတွက် fundamental principles and rules တွေဖြစ်တဲ့ Aufbau principle, Pauli's exclusion principle, and Hund's rule တို့ကိုနားလည်ရမှာဖြစ်ပါတယ်။

1.2 IONIC BONDING

Metal နှင့် non-metal atoms နှစ်ခုအကြား electronegativity difference (>1.8) ပေါ်မူတည်ပြီး ionic bonding ဖြစ်နိုင်သည်။ Ionic bonding ဖြစ်ပေါ်ပုံကို Lewis symbols ဖြင့် ရေးဆွဲလေ့လာနိုင်သည်။

ဥပမာ NaCl နှင့် MgO မှာဆိုရင် Mg^{2+} နှင့် O^{2-} အကြား ဆွဲအားသည် Na^+ နှင့် Cl^- အကြား ဆွဲအားထက် ပိုကောင်းသည်။ anions တွေတူညီနေလျှင် ကျန် cations တွေ၏ အရွယ်အစားနှင့် နှိုင်းယှဉ်နိုင်သည်။ size ငယ်လေလေ ဆွဲအားများလေလေဖြစ်သည်။ ဥပမာ NaCl နှင့် KCl မှာဆိုလျှင် anion (Cl^-) အတူတူဖြစ်၍ Na နှင့် K မှာ size ငယ်သော NaCl က ပိုပြီးဆွဲအားကောင်းသည်။



1.3 COVALENT BONDING

Covalent bonding ဖြစ်ပေါ်တဲ့နေရာမှာ atoms တွေရဲ့ outermost orbitals တွေ overlap ဖြစ်သွားပြီး bonding atoms တွေရဲ့ unpaired valence electrons တွေကို ဝေမျှသုံးကြသည်။ Paired valence electrons တွေကတော့ bonding မှာ ပါဝင်မှုမရှိပေ။ Coordinate bond (သို့) dative bond မှာ ဝေမျှသုံးမယ့် electron နှစ်လုံးကို ပေါင်းစပ်မယ့် atom နှစ်ခုအနက် atom တစ်ခုက ပေးခြင်းဖြစ်သည်။

Drawing Lewis structures

အဓိကသတိပြုရမှာကတော့ Lewis structure မှာ unshared paired electrons တွေကို ဖြည့်တဲ့အခါ molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ (H_2 ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

Valence Shell Electron Pair Repulsion (VSEPR) theory

VSEPR သီအိုရီ အရ shape ကို ခန့်မှန်းဖို့အတွက် -

1. molecule ရဲ့ Lewis's structure ကို ဆွဲပါ။
2. Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။
3. Electron pair ရဲ့ geometry ကို ရှာဖွေပါ။
4. နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းနိုင်မှာ ဖြစ်ပါသည်။

Table 1 Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

Type	Number of bonding pairs and lone pairs around the central atom	Geometry of electron pairs	Molecular shape	Example
AX_2	2, 0	linear		$BeCl_2$, CO_2
AX_3	3, 0	triangular planar (trigonal planar)		BF_3
AX_2E	2, 1	triangular planar (trigonal planar)		SO_2
AX_4	4, 0	tetrahedral		CH_4, CCl_4
AX_3E	3, 1	tetrahedral		NH_3
AX_2E_2	2, 2	tetrahedral		H_2O

Note: Symbol E represents the number of lone pairs.

တချို့ covalent molecules တွေဟာ giant structures အဖြစ်တည်ရှိနေကြောင်း graphite နဲ့ silicon(IV) oxide တို့ရဲ့ giant structures များကိုလေ့လာပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Covalent molecules များဖြစ်တဲ့ HCl and Cl_2 molecules တွေရဲ့ covalent bond ဖြစ်ပေါ်နေတဲ့ atom နှစ်ခုအကြား electronegativity တန်ဖိုးခြားနားချက်နဲ့ bond polarity တို့ရဲ့ ဆက်သွယ်ချက်ကို သိရှိရမှာဖြစ်ပါတယ်။

1.4 INTERMOLECULAR FORCES

"Dipole moment" အကြောင်းနဲ့ polar covalent bond တစ်ခုမှာ dipole ရဲ့ direction ကို ညွှန်ပြတဲ့သင်္ကေတကို နားလည်သိရှိရမှာ ဖြစ်ပါတယ်။ H_2O နဲ့ CO_2 molecules များရဲ့ bond dipoles နဲ့ dipole moments များမှတစ်ဆင့် polyatomic molecules များရဲ့ individual bond dipoles နဲ့ dipole moment of a molecule ကိုဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

Dipole–dipole interaction နဲ့ ion–dipole interaction တို့ကို သိရှိနားလည်ထားရမှာ ဖြစ်ပါတယ်။ ဓာတ်ငွေ့ (ဥပမာ helium) atoms များအတွင်းဖြစ်ပေါ်တဲ့ London dispersion forces ဖြစ်တဲ့ induced dipole–induced dipole interaction အကြောင်းကိုလည်း နားလည်သိရှိရပါမယ်။ Hydrogen bonding ဖြစ်ပေါ်ရန် လိုအပ်ချက်များနဲ့ intermolecular hydrogen bond ဖြစ်ပေါ်ပုံကို ဥပမာများနှင့် ရှင်းလင်းဖော်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Ion–dipole interactions ဟာ dipole–dipole interactions ထက်ပို အားကောင်းရခြင်းမှာ ယင်းတို့ရဲ့ charge များအပေါ် မူတည်ကြောင်း ရှင်းလင်းစွာသိရှိလာမှာ ဖြစ်ပါတယ်။

1.5 METALLIC BONDING

Metallic bonding ဖြစ်ပေါ်ရာမှာ metal atoms တွေရဲ့ positive ions နဲ့ valence electrons တွေဟာ electron cloud (sea of electrons) ဖြစ်ပေါ်ပြီး metal atom nucleus များနဲ့ strong electrostatic attraction ရှိတဲ့အတွက် အလွန်ခိုင်မြဲကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ Metallic bonding ရဲ့ strength ဟာ အချက် (၃) ချက်အပေါ်မူတည်ပြီး intermolecular forces တွေထဲမှာ ပိုမိုခိုင်မြဲတာကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။

Chapter 2 Energy Changes in Chemical Reactions မှာတော့ energy transformation နဲ့ သက်ဆိုင်တဲ့ နမူနာတွေကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ စွမ်းအင်ဆိုတာ ဖျက်ဆီးပစ်၍ မရနိုင်သလို အသစ် ဖန်တီးရယူဖို့လည်း မဖြစ်နိုင်ကြောင်း Law of conservation of energy အရ သိရှိနိုင်မှာဖြစ်ပါတယ်။ Chemical energy ဆိုတာ ဒြပ်ပစ္စည်းတွေမှာရှိနေတဲ့ chemical bond တွေမှာ သိုလှောင်ထားတဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်အသွင်ဆဲ့ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပက စွမ်းအင်ထောက်ပံ့ပေးဖို့မလိုအပ်ဘဲ ဖြစ်ပေါ်နိုင်တဲ့ဓာတ်ပြုခြင်းကို spontaneous reaction လို့ခေါ်ပါတယ်။ အကယ်၍ ပြင်ပကစွမ်းအင်ထောက်ပံ့ပေးမှ ဓာတ်ပြုခြင်းဖြစ်နိုင်မယ်ဆိုရင်တော့ ဒီဓာတ်ပြုခြင်းကို non-spontaneous reaction လို့ ခေါ်ပါတယ်။ ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်) လို့ခေါ်ပြီး ၎င်းနဲ့ထိစပ်နေတဲ့အရာမှန်သမျှကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။ Heat of combustion, heat of formation of a compound နဲ့ heat of neutralisation တွေနဲ့ပတ်သက်တဲ့ thermochemical equation တွေကိုရေးနိုင်ရန် လိုအပ်ပါတယ်။ Enthalpy change တိုင်းတာမှုနဲ့ပတ်သက်လို့ သိထားရမှာက - အရာဝတ္ထုတစ်ခုချင်းစီရဲ့ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကို အသုံးပြုပြီး ΔT တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ အဲဒီကတစ်ဆင့် ΔH တန်ဖိုးကို တွက်ချက်နိုင်ကြောင်း သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Hess's Law အရ reactant မှ product သို့ တိုက်ရိုက်ပြောင်းလဲသည်ဖြစ်စေ၊ ဓာတ်ပြုအဆင့်ဆင့်မှ product သို့ ရောက်ရှိသည်ဖြစ်စေ enthalpy ပြောင်းလဲခြင်း အတူတူပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ပါတယ်။ Standard state မှာရှိနေတဲ့ ဒြပ်စင်တွေရဲ့ enthalpy formation value ကို zero အဖြစ် မှတ်ယူရပါမယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ သက်ဆိုင်ရာ ရူပဓာတုဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ စနစ်တကျ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။ Chemical Bond တစ်ခုကို

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

ဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်းပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။

Chapter 3 Chemical Kinetics: Rates of Reaction မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နေးကွေးတဲ့ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှုလည်း ရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများတိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

Mg နဲ့ HCl ဓာတ်ပြုခြင်းရဲ့ reaction rate ကို reactant ဖြစ်တဲ့ magnesium ရဲ့ mass ကနေ အချိန်နဲ့ လိုက်ပြီး တွက်ချက်နိုင်သလို product အဖြစ် စုယူရရှိတဲ့ hydrogen gas ရဲ့ volume ကနေလည်း အချိန်နဲ့ လိုက်ပြီး တွက်ချက်နိုင်တာကို သိရှိနားလည်ရပါမယ်။ ရှုထောင့်အမျိုးမျိုးကနေ rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကိုသင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို၊ product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရန် မော်လီကျူးတွေထိတိုက်တဲ့အခါမှာ မှန်ကန်တဲ့အနေအထား (correct orientation) ဖြစ်ဖို့လိုအပ်သလို successful collision ဖြစ်ဖို့အတွက် လုံလောက်တဲ့ စွမ်းအင်ပမာဏလည်း ရှိနေဖို့ အထူးလိုအပ်ပါတယ်။ Reaction တစ်ခုဖြစ်ဖို့အတွက် reacting particles တွေ ထိတိုက်ကြရပါမယ်။ အဲဒီလို ထိတိုက်ကြတဲ့အခါ လုံလောက်တဲ့ စွမ်းအင်တွေရလာကြပြီး activated complex ဖြစ်ပေါ်လာပါတယ်။ Reactant အခြေအနေကနေ activated complex ဖြစ်တဲ့အထိ စွမ်းအင်ခြားနားချက်ကို activation energy လို့ သတ်မှတ်ပါတယ်။ အဲဒီ complex ဖြစ်နေတဲ့အဆင့်ကို transition state လို့ ခေါ်ပါတယ်။ $[H_2I_2]$ ဟာ activated complex ဖြစ်ပါတယ်။ Reactants H_2 နဲ့ I_2 တို့ ထိတိုက်တဲ့အခါ လုံလောက်တဲ့ စွမ်းအင်ရရှိခဲ့ရင် ပုံမှာပြထားတဲ့ product HI ဖြစ်ပေါ်လာနိုင်ပေမယ့် ထိတိုက်မှုကနေ လုံလောက်တဲ့စွမ်းအင် မရရှိခဲ့ရင် energy barrier ကို မကျော်နိုင်တော့ဘဲ reactant ဘက်ကို ပြန်ရောက်သွားနိုင်လို့ အဲဒီအဆင့်ဟာ reversible reaction ဆိုတာကို သတိထားရပါမယ်။

ဓာတ်ပြုနှုန်းအပေါ် သက်ရောက်စေနိုင်တဲ့အချက် ၆ ချက်ရှိပါတယ်။ Effect of concentration of reactants နဲ့ ပတ်သက်ပြီး zinc နဲ့ HCl ဓာတ်ပြုခြင်းတွင် HCl concentration ပိုများတဲ့ဘက်က ဓာတ်ငွေ့ပူဖောင်းထွက်ပေါ်မှုပိုများပြီး zinc အတုံးလေးက အရင်ပျော်ဝင်ပျောက်ကွယ်သွားတာကို တွေ့ရပါမယ်။

Concentration များလေ reactants တွေ ထိတိုက်ခြင်းများလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းမြန်လေလေ ဆိုတာကို collision theory ကိုအခြေခံပြီး သိရှိနားလည်ရမှာဖြစ်ပါတယ်။ ပမာဏတူတဲ့ reactants တွေမှာ အရွယ်အစားငယ်လေလေ မျက်နှာပြင်ဧရိယာများပြီး ဓာတ်ပြုခြင်းမြန်လေလေဖြစ်တယ်။ အဲဒါကို အလူမီနီယမ် foil သို့မဟုတ် အလူမီနီယမ် powder ကို NaOH နဲ့ဓာတ်ပြုခြင်းတွေမှာ အလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။

Pressure ရဲ့ သက်ရောက်မှုကိုပြောမယ်ဆိုရင် ဓာတ်ငွေ့များပါဝင်တဲ့ ဓာတ်ပြုခြင်းများနှင့်သာသက်ဆိုင်ပြီး solids, liquids နဲ့ aqueous solutions များအပေါ် သက်ရောက်မှုမရှိနိုင်တာကို သိထားရမှာဖြစ်ပါတယ်။ ဖိအားများရင် ဓာတ်ငွေ့ particles တွေရဲ့ ထိတွေ့မှုတွေများပြီး ဓာတ်ပြုနှုန်းတွေမြန်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ Reaction rate နဲ့ temperature ဆက်စပ်မှုကိုလေ့လာရာမှာ အပူချိန်မြှင့်ပေးတာဟာ heat energy တိုးလာစေပြီး အမှုန်တွေရဲ့ kinetic energy တိုးလာစေတာကို သိရှိနိုင်ပါတယ်။ အပူချိန်မြင့်လေ reacting particles တွေရဲ့ လှုပ်ရှားမှုမြန်လာပြီး အချင်းချင်းထိတိုက်မှု များလာမှာဖြစ်ပါတယ်။ ထိုအခါ လုံလောက်တဲ့စွမ်းအင်ရရှိလာပြီး rate of reaction ပိုမြန်လာတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ Activation energy ကို Boltzmann distribution curve နဲ့ လေ့လာနိုင်ပြီး အဲဒီကနေ အပူချိန်နဲ့ ဓာတ်ပြုနှုန်း ဆက်သွယ်ချက်ကို နားလည်သိရှိနိုင်မှာဖြစ်ပါတယ်။ Catalysts တွေမှာ ဓာတ်ပြုခြင်းကိုမြန်စေတဲ့ catalyst ရှိသလို နှေးစေတဲ့ catalyst လည်း ရှိပါတယ်။ Catalysts တွေဟာ physical states အမျိုးမျိုး ရှိနိုင်ပြီး သက်ဆိုင်ရာ reactants နဲ့ phase တူတာရှိသလို မတူတာတွေလည်းရှိကြောင်း homogeneous catalyst နဲ့ heterogeneous catalyst တွေကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ Effect of light မှာတော့ photochemical reaction ကို နားလည်သိရှိနိုင်ပြီး အလင်းစွမ်းအင်ကြောင့် ဓာတ်ပြုနှုန်းကွာခြားပုံကိုလည်း collision theory အရ သိရှိနားလည်မှာ ဖြစ်ပါတယ်။

Chapter 4, Chemical Equilibrium ကို လေ့လာရာတွင် chemical reaction အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one–way process) ဖြစ်စဉ်များဖြစ်ကြပြီး တချို့ကတော့ အပြန်အလှန် ဓာတ်ပြုခြင်း (reversible reaction)တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေတူညီသွားတဲ့အခါ မျှခြေ (equilibrium) အခြေကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။ Reaction တွေရဲ့ physical states တွေအရ homogeneous နဲ့ heterogeneous equilibria တွေရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။

အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။ Concentration effect အနေနဲ့ reaction mixture မှာပါတဲ့ reactant သို့မဟုတ် product တစ်ခုခုရဲ့ ပါဝင်ကိန်းကိုတိုးလိုက်ရင် အဆိုပါတိုးလိုက်တဲ့ concentration effect ကို အသုံးပြုပြီး ပါဝင်ကိန်းနည်းတဲ့ဘက်ကိုဦးတည်ပြီး မျှခြေအခြေအနေသစ်တစ်ခုကို ရောက်ရှိမှာဖြစ်ပါတယ်။ Pressure ရဲ့သက်ရောက်မှုကတော့ ဓာတ်ငွေ့ပါတဲ့ ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဖိအားကိုတိုးခဲ့မယ်ဆိုရင် ထုထည်ကျုံ့စေမှာဖြစ်ပြီး ထုထည်နည်းတဲ့ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပေါ်မှာဖြစ်ပါတယ်။ ဖိအားလျော့ခဲ့ရင် ထုထည်များတဲ့ဘက်ကို ဦးတည်စေမှာဖြစ်ပါတယ်။ Reactant နဲ့ product တွေရဲ့ ထုထည်ပုံကြည့်ခဲ့ရင်တော့ ဖိအားသက်ရောက်မှု မရှိနိုင်ပါဘူး။ မျှခြေအခြေအနေမှာရှိနေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ temperature ကို တိုးလိုက်တဲ့အခါ အပူစုပ်ဓာတ်ပြုခြင်းကို ဦးစားပေးပြီး မျှခြေဟာပြောင်းလဲသွားပါတယ်။ အပူချိန်လျော့ရင်တော့ အပူထုတ်ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်စေကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ တွင်ကျယ်စွာအသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ammonia နှင့် methanol production တွေမှာ အသုံးပြုတာကို လေ့လာနိုင်ပါတယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ K_{eq} ကို molar concentration အားဖြင့် K_c နှင့် gaseous equilibrium အတွက် K_p စသဖြင့် ဖော်ပြနိုင်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။

Chapter (5) ကတော့ Acid–Base Reactions ဖြစ်ပါတယ်။ Acids and bases theories: **Arrhenius Theory** သည် H^+ ions နှင့် OH^- ions များကို အခြေခံ၍ acid–base ကို အဓိပ္ပာယ် သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Brønsted and Lowry Theory** အရဆိုလျှင် proton သို့မဟုတ် H^+ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကိုအခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ The concept of conjugated acid–base pairs ကို သင့်တော်သောဥပမာများနှင့် ရှင်းလင်းတတ်ရန် လိုပါတယ်။ Lewis acid–base theory ကို သင့်တော်သောဥပမာနှင့်တကွ ရှင်းလင်းဖော်ပြတတ်ရမှာဖြစ်ပါတယ်။ **Lewis acid–base theory** မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ e^- pair လက်ခံနိုင်မှုနှင့် ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။ သင့်တော်သော ဥပမာများနှင့် ရှင်းလင်းတင်ပြနိုင်ရမှာဖြစ်ပါတယ်။ Autoionisation of water နဲ့ acid–base property of water တို့ကို ရှင်းလင်းစွာ သိရှိထားရမှာဖြစ်ပါတယ်။

ရေမော်လီကျူး၏ acid–base ပြုမူပုံများ၊ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant (K_w) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကိုလည်း နားလည်သိရှိရမှာဖြစ်ပါတယ်။ ထို့နောက် acid ပျော်ရည်၊ base ပျော်ရည်တို့၏ ionisation အကြောင်းကို လေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ဥပမာများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ K_a နှင့် acid ပြင်းအား ဆက်သွယ်မှုတို့ကိုလည်း အလွယ်တကူ နားလည်သိရှိဖို့ လိုအပ်ပါတယ်။ အလားတူ base ပြိုကွဲခြင်းကိုလည်း acid ပြိုကွဲခြင်းကဲ့သို့ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။

ဆားအမျိုးအစား ၄ မျိုး တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်း ရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။ Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ပါဝင်သောပျော်ရည်အမျိုးအစားဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင်စေပါတယ်။ ၎င်းနှင့် ပတ်သက်သော တွက်ချက်မှုများ PROBLEM SOLVING ကိုလည်း ပြင်ဆင်ထားစေလိုပါတယ်။

Chapter 6 ကတော့ **Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။ IUPAC definition အရ *d*–orbitals or subshells များတွင် $\bar{e}$ အပြည့်ဖြည့်ဝင်ထားခြင်းမရှိသော ဒြပ်စင်အက်တမ်နှင့် ဓာတ်ဖို့အိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ(transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို s–block နှင့် p–block ကြားတွင် တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျ ဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် 1st Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ 1st Series ($_{21}Sc$ – $_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ $_{21}Sc$ to $_{29}Cu$ သို့သွားရာတွင် ၎င်းတို့၏ nuclear charge သည် များလာပြီး atomic radii ဟာ ယေဘုယျအားဖြင့် ငယ်သွားတာကို တွေ့ရပါမယ်။ ဒါကြောင့် ionisation energy လည်း ယေဘုယျအားဖြင့် များလာပါတယ်။

Orbital တစ်ခုစီတွင် $\bar{e}$ များ ဖြည့်ဝင်ပုံမှန်ကန်စွာဖြည့်တတ်စေလိုပါတယ်။ essential electronic structures များ ရေးသားတတ်ရပါမည်၊ ခြွင်းချက်အနေနှင့် 3*d* နှင့် 4*s* orbital တို့ဟာ energy တူညီလုနီးပါးရှိတာကြောင့် $_{24}Cr$ နှင့် $_{29}Cu$ မှာ 3d orbital ရဲ့ ပိုမိုတည်မြဲတဲ့ electron configuration ကိုရရှိရန် 4*s* မှ $\bar{e}$ ကို ဖြည့်ဝင်ထားကြောင်း သိရှိဖို့လိုပါတယ်။ ယင်းတို့၏ သိရှိထားရမှာဖြစ်ပါတယ်။

Transition metals တွေရဲ့ physical properties ဖြစ်တဲ့ melting point နဲ့ boiling point တွေ ခြင့်တက်ပြီး density လည်း များလာတာကို သိရှိနားလည်ဖို့လိုပါတယ်။ 1st series မှာရှိတဲ့ ဒြပ်စင်တွေရဲ့ variable oxidation states ရှိနေတာကိုလည်း သိရှိရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒြပ်စင်များရဲ့ တည်မြဲတဲ့ oxidation state အပေါ်မူတည်ပြီး ယင်းတို့၏ oxidising property နှင့် reducing property တွေကို သိရှိလာမှာဖြစ်ပါတယ်။ Transition metal compounds တွေဟာ aqueous solution ထဲမှာ visible light ကို စုပ်ယူပြီး coloured compounds ဖြစ်လာခြင်းကို သက်ဆိုင်ရာ compound နဲ့ အရောင်တို့ကို တွဲဖက်လေ့လာ သိရှိထားရမှာ ဖြစ်ပါတယ်။ Transition metals တွေရဲ့ magnetic property ကိုလေ့လာနိုင်စေရန် paramagnetic, diamagnetic and ferromagnetic ဆိုပြီး (၃)မျိုး တင်ပြထားပါတယ်။ ထို (၃)မျိုးမှာ orbital တွင် $\bar{e}$ ဖြည့်ရာ၌ $\bar{e}$ စုံ ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ paramagnetic နဲ့ diamagnetic ကို ခွဲခြားနိုင်သလို applied magnetic field ဆွဲအားအပေါ်မူတည်၍ ferromagnetic property တို့ကိုလည်း နားလည်ထားရမှာ ဖြစ်ပါတယ်။ 1st Series 3*d* transition elements တွေဟာ စက်မှုလုပ်ငန်းများတွင် catalysts အနေနှင့် အသုံးဝင်ပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပုံနှင့် ဆေးပညာနယ်ပယ်တွင် အသုံးပြုခြင်းတွေကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

Chapter 7 Chemistry and Green Environment ကတော့ လူသားတွေရဲ့ တိုးတက်လာတဲ့ နည်းပညာများနဲ့ ယင်းတို့ရဲ့လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမျိုးစုံဖြစ်ပေါ်နေပြီး ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems တွေကိုလည်း သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြစ်မိုးလန်းရှင်းသန့်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury) နှင့် ထိုသတ္တုများ၏ ဒြပ်ပေါင်းများရှုထောင့်မှ ဖော်ပြပေးထားပါတယ်။ ဒုံအပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အော်ဂဲနစ်ဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ V OCs တို့က

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

လူသားတွေရဲ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏သက်ရောက်မှုများကို သိရှိနားလည်ဖို့ လိုပါတယ်။

Natural and man-made sources တွေကနေထွက်ပေါ်လာသော radiation တွေနဲ့ လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့ အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution တွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် radioactive substances တွေကြောင့် ဖြစ်လာတဲ့ health problems တွေကို လေ့လာသိရှိထားဖို့ လိုပါတယ်။ Nuclear power and nuclear weapons အကြောင်းနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာထားဖို့လိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှု နည်းလမ်းကောင်းများကိုလည်း ယနေ့ခေတ်သုတေသနပြု ဆောင်ရွက်လျက်ရှိပါတယ်။

အခန်း (၈) ကတော့ **Organic Compounds and Macromolecules** ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် အနှစ်ချုပ်ကို ဖော်ပြပေးထားပါတယ်။



ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားနဲ့ ဖော်ပြပေးထားပါတယ်။ Functional groups ကို ခွဲခြားဆုံးဖြတ်နိုင်တဲ့ chemical test equations တွေကို ရေးသားတတ်ဖို့ လိုပါတယ်။ ဥပမာအနေနဲ့ aldehyde နဲ့ ketone တို့ကို ခွဲခြားစမ်းသပ်နိုင်တဲ့ equations များကို ဖော်ပြပေးထားပါတယ်။

Organic compounds တွေရဲ့ functional groups တွေကို ခွဲခြားနိုင်တဲ့ spectroscopic method ကို လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation ကို လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကိုလည်း သိရှိနားလည်ဖို့လိုအပ်ပါတယ်။ Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက infrared spectroscopy ကို လေ့လာရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး IR spectroscopy ရဲ့ principle ကို နားလည်သိရှိဖို့ လိုအပ်ပါတယ်။ Molecules နဲ့ IR radiation တို့ interaction ဖြစ်တဲ့အခါ molecules က IR radiation ရဲ့ energy ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က atom နှစ်ခုကြားမှာရှိတဲ့ bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive ကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ Molecules တွေ dipole moment changes ရှိမှသာ IR active ဖြစ်ပြီး dipole moment changes မရှိခဲ့ရင်တော့ IR inactive ဖြစ်ပါတယ်။ ဥပမာ N_2 molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O တို့ရဲ့ absorption band တွေကို 2980 cm^{-1} နဲ့ 1700 cm^{-1} တို့မှာ တွေ့ရှိနိုင်ပါတယ်။ IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို အောက်ဖော်ပြပါဇယားမှာ လေ့လာသိရှိနိုင်ပါတယ်။

Table 10 Some Characteristic Infrared Absorption Bands and their Intensities

Classes of compounds	Bond	Wavenumber (cm^{-1})	Band intensity
alcohols, ethers, esters, carboxylic acids	C–O	1050–1410	strong
alkenes, aromatic compounds	C=C	1620–1680	medium, weak
amides, ketones, aldehydes, esters, carboxylic acids	C=O	1650–1750	strong, sharp
alkynes	C≡C	2100–2260	medium, weak
carboxylic acids	O–H	2500–3300	strong, very broad
aldehydes	C–H	2720–2820	medium, weak
alkanes, alkenes	C–H	2850–3090	strong
alcohols	O–H	3200–3600	strong
amines, amides	N–H	3300–3500	weak, median

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 cm^{-1}, 2950 cm^{-1} တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 cm^{-1} မှာ acid OH stretching, 2950 cm^{-1} မှာ CH stretching, 1700 cm^{-1} မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 cm^{-1} မှာ NH stretching, 2900 cm^{-1} မှာ CH stretching တို့ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုးပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။ Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာ လေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံမှာ Section A နဲ့ Section B ဆိုပြီး အပိုင်း နှစ်ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Matching နဲ့ Multiple choice questions (MCQs)တို့ရှိတဲ့ထဲက ယခုနှစ်မှာ TRUE/ FALSE, Fill in the blanks နဲ့ Multiple choice questions (MCQs)တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ တစ်မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူများရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့်သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်းနံပါတ် ၁ က **TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာ ရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် လေးခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာ ဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန်မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရရှိနိုင်ပါ။

Section B မေးခွန်းနံပါတ် ၄ မှာ ငါးမှတ်တန် **Short and medium questions** ပုဒ်ခွဲ ငါးပုဒ် ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်ခွဲ ငါးပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ငါးပုဒ်ထဲက **environmental** အခန်းကို ပုဒ်ခွဲ တစ်ခုမှာ **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ် ၅၊ ၆၊ ၇ မှာ ငါးမှတ်တန် **Structured, short and long questions** သုံးပုဒ်စီမေးမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **physical chemistry** အပိုင်းကို **OR** ခံမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၆ ၏ ပုဒ်ခွဲ တစ်ပုဒ်မှာ **organic chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၇ ပုဒ်ခွဲတစ်ခုသည် **inorganic chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုး မှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ရှစ်ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားရမှာဖြစ်ပါတယ်။

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့် အကြောင်းအရာတွေနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် Chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံစွာအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာ ဖော်ပြရေးသားဖို့ သတိပြုရပါမယ်။ အမှတ်များများလိုချင်ရင် ယခုနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ အခန်း ရှစ်ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၂၅ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် မိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် ဖျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

မြင်းခြံမြို့နယ်၌ ပန်းဂေါဖီ (ခေါ်) ပန်းမုန်လာ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပန်းဂေါဖီကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပန်းဂေါဖီကိုအောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလနောက်ဆုံးပတ်မှစတင်၍ ယခုအချိန်အထိ ခူးဆွတ်ရိတ်သိမ်းလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်တစ်လသား အရွယ်တွင် စိုက်ပေါင်၌ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုးစေ့၊ လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၂၅ သိန်းခန့် ကုန်ကျပြီး ပျမ်းမျှအပင့်ရေ ၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် အချို့တောင်သူများမှလည်း မြင်းခြံမြို့ရှိ ကုန်စိမ်းလက်ကားဆိုင်များသို့ တိုက်ရိုက်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)

ကျောက်ဆည်မြို့နယ်၌ ပဲတောင့်ရှည် (ခေါ်) တစ်လပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သီးနှံများ အပါအဝင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ပဲတောင့်ရှည် (ခေါ်) တစ်လပဲသီးနှံကို စိုက်ပျိုးကြကြောင်း သိရသည်။

ပဲတောင့်ရှည် (ခေါ်) တစ်လပဲသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး တစ်လခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ အစိမ်းနု အစိမ်းရင့်၊ ကတ္တီပါအနီရောင်မျိုးများကို ပေါင်ခတ်စနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြပြီး ပဲညွှန့်များထွက်ပေါ်ချိန်တွင် တိုင်ထောင်ပေးရကြောင်း၊ မြေပြုပြင်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းခန့် ကုန်ကျပြီး ပိသာချိန် ၃၅၀-၄၀၀ ခန့်ထွက်ရှိရာ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် အချို့တောင်သူများမှလည်း ကျောက်ဆည်မြို့ရှိ ကုန်စိမ်းလက်ကားဆိုင်များသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဈေးနှုန်းကောင်းမွန်သောကြောင့် ပဲတောင့်ရှည် (ခေါ်) တစ်လပဲသီးနှံ စိုက်ပျိုးတောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)



ကျောက်ဆည်ခရိုင်၌ မြှုပ်သခွား (ခေါ်) သခွားသီးအရှည်သီးများ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် မြှုပ်သခွား (ခ) သခွားအရှည်သီးများကို စိုက်ပျိုးကြကြောင်း သိရသည်။

သခွားအရှည်သီးကို ရာသီမရွေး စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် သခွားသီးများစတင်၍ ခူးဆွတ်နိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀-၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ သခွားသီးကို နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် သခွားသီးအလုံးရေ ၃၀၀-၃၅၀ အထိထွက်ရှိရာ တစ်ဧကလျှင် စုစုပေါင်း သခွားသီးအလုံးရေ ၆၀၀၀ - ၇၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကုန်ကျသက်သာပြီး မိသားစုအပိုဝင်ငွေရရှိသော မြှုပ်သခွားသီး (ခ) သခွားသီး အရှည်သီးကို နှစ်စဉ် စိုက်ပျိုးလျက်ရှိပြီး တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)



မြင်းခြံမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ စတင်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ရှိကျေးရွာများသည် ဧရာဝတီမြစ်ရေဝေမြစ်ရိုးတစ်လျှောက် သဲနုန်းမြေအမျိုးအစားဖြစ်သည့် ကိုင်းကျန်းမြေများတွင် ဖူးစားပြောင်း၊ CP ပြောင်း၊ ငရုတ်၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ဆေးရွက်ကြီးကိုလည်း အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

ဆေးရွက်ကြီးကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလတတိယပတ်မှစတင်၍ ခူးဆွတ်ရိတ်သိမ်းလျက်ရှိရာ မတ်လအထိ နှစ်လခန့် အကြာ ခူးဆွတ်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရွက်ကြီး ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၈-၂၀ နှုန်းဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် ပျိုးပင်စုစုပေါင်း ၅၅၀၀-၆၀၀၀ ပင်ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ပင်ခြားတန်းခြားနှစ်ပေထား၍ ရေသွင်းစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးရပြီး မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ပျိုးပင်၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်၂၅ သိန်းခန့် ကုန်ကျကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် ပိသာချိန် ၇၀၀ ခန့်ထွက်ရှိပြီး မြင်းခြံမြို့ရှိ ဆေးလိပ်ခုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် သီးနှံအထွက်နှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း ဆေးရွက်ကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

၂၆-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)			ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ဝစိန်	ပေါ်ဆန်း	ပဲဆီ	စားအုန်းဆီ	ဂျုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ (ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	မြစ်ကြီးနား	၃၆၀၀		၉၅၀၀	၂၅၀၀၀	၁၁၁၆၅	၂၅၀၀၀	၅၀၀၀	၂၃၀၀၀	၁၈၀၀၀	၁၁၀၀၀	၈၀၀၀	၂၀၀၀	၁၅၀၀၀	၉၅၀၀	၁၄၀၀၀	၈၅၀၀	၉၀၀၀	၂၆၀၀၀	၅၀၀၀၀	၂၈၀၀၀	၃၅၀၀၀	၂၆၀၀၀
၂	ကျိုင်းတုံ	၅၂၀၀		၇၃၀၀	၂၂၀၀၀	–	၂၀၀၀၀	၅၀၀၀	၂၀၀၀၀	၁၆၅၀၀	၁၇၀၀၀	၄၅၀၀	၂၀၀၀	၁၁၀၀၀	၉၀၀၀	၉၀၀၀	၅၀၀၀	၇၀၀၀	၂၀၀၀၀	၃၅၀၀၀	၃၀၀၀၀		၁၆၀၀၀
၃	တောင်ကြီး	၃၆၀၀	၃၄၀၀	၇၃၀၀	၁၉၀၀၀	၇၈၆၅	၁၇၅၀၀	၄၀၀၀	၁၄၀၀၀	၁၅၀၀၀	၇၀၀၀	၆၀၀၀	၁၂၀၀	၁၁၀၀၀	၇၈၀၀	၅၅၀၀	၅၀၀၀	၅၅၀၀	၂၀၀၀၀	၃၀၀၀၀	၂၇၀၀၀	၃၀၀၀၀	၂၀၀၀၀
၄	လွိုင်ကော်	၄၀၀၀		၇၀၀၀	၁၈၀၀၀	၈၀၀၀	၁၆၀၀၀	၃၅၀၀	၁၅၀၀၀			၃၅၀၀	၁၀၀၀	၁၀၀၀၀	၇၀၀၀	၄၀၀၀	၅၀၀၀	၅၀၀၀	၁၈၀၀၀	၃၀၀၀၀	၂၄၀၀၀	၃၅၀၀၀	၁၈၀၀၀
၅	ဘားအံ	၃၆၀၀		၆၀၀၀	၂၀၀၀၀	၇၇၅၀	၁၇၀၀၀	၄၀၀၀	၁၇၀၀၀	၁၇၀၀၀	၁၀၀၀၀	၇၀၀၀	၁၅၀၀	၁၀၀၀၀	၇၀၀၀	၁၀၀၀	၅၀၀၀	၅၀၀၀	၆၀၀၀	၁၈၀၀၀	၂၄၀၀၀	၁၈၀၀၀	၂၂၀၀၀	၁၀၀၀၀
၆	မော်လမြိုင်	၃၂၀၀		၅၁၀၀	၁၈၀၀၀	၇၇၄၅	၁၄၀၀၀	၄၀၀၀	၁၈၀၀၀	၁၈၀၀၀	၁၆၀၀၀	၆၅၀၀	၁၂၀၀	၁၂၀၀၀	၈၀၀၀	၁၂၀၀၀	၅၀၀၀	၆၀၀၀	၁၇၀၀၀	၃၀၀၀၀	၁၈၀၀၀	၃၃၀၀၀	၁၀၀၀၀
၇	ထားဝယ်	၃၅၀၀		၅၄၅၀	၂၀၀၀၀	၈၂၀၀	၁၇၀၀၀	၄၀၀၀	၁၇၀၀၀	၁၇၀၀၀		၇၀၀၀	၇၀၀	၁၀၀၀၀	၇၈၀၀	၁၀၀၀၀	၆၀၀၀	၅၆၀၀	၁၈၀၀၀	၃၂၀၀၀	၂၂၀၀၀	၃၅၀၀၀	
၈	မြိတ်	၃၇၅၀		၆၂၅၀	၂၀၀၀၀	၈၃၆၅	၁၆၀၀၀	၃၈၀၀	၁၇၀၀၀	၁၇၅၀၀	၈၀၀၀	၆၅၀၀	၈၅၀	၉၈၀၀	၇၅၀၀	၁၀၀၀၀	၇၀၀၀	၆၀၀၀	၁၈၀၀၀	၃၂၀၀၀	၂၂၀၀၀	၂၆၀၀၀	
၉	ရန်ကုန်	၃၄၀၀		၅၅၀၀	၂၀၀၀၀	၇၃၀၀	၁၄၅၀၀	၄၆၀၀	၁၈၀၀၀	၁၈၀၀၀	၁၄၀၀၀	၈၀၀၀	၁၀၀၀	၁၀၀၀၀	၇၂၀၀	၁၅၀၀၀	၆၀၀၀	၅၆၀၀	၁၉၀၀၀	၃၁၀၀၀	၂၆၀၀၀	၃၁၀၀၀	၁၀၀၀၀
၁၀	ပုသိမ်	၃၂၀၀		၄၉၅၀	၂၁၀၀၀	၇၇၀၀	၈၀၀၀	၃၁၀၀	၁၈၀၀၀	၁၄၅၀၀	၇၀၀၀	၇၀၀၀	၄၀၀	၁၀၀၀၀	၆၅၀၀	၁၂၀၀၀	၃၃၀၀	၅၅၀၀	၁၈၀၀၀	၂၈၀၀၀	၂၂၀၀၀	၃၁၀၀၀	၁၀၀၀၀
၁၁	ဟားခါး			၁၁၀၀၀	၃၁၀၀၀	–	၆၅၀၀၀	၈၀၀၀	၃၀၀၀၀			၇၀၀၀	၁၄၀၀		၁၃၅၅၀		၉၅၀၀	၉၀၀၀	၃၃၀၀၀	၃၀၀၀၀	၃၀၀၀၀		၃၀၀၀၀
၁၂	မုံရွာ	၃၄၅၀		၅၅၀၀	၁၆၀၀၀	၈၁၅၀	၁၅၀၀၀	၃၀၀၀	၁၄၀၀၀	၂၃၀၀၀	၁၂၀၀၀	၆၀၀၀	၁၀၀၀	၈၅၀၀	၆၅၀၀	၉၅၀၀	၇၀၀၀	၆၀၀၀	၁၈၀၀၀	၃၀၀၀၀	၂၄၀၀၀	၂၂၀၀၀	၁၀၀၀၀
၁၃	မန္တလေး	၃၆၀၀		၆၅၀၀	၁၆၅၀၀	၈၀၄၀	၁၈၀၀၀	၃၈၀၀	၁၆၀၀၀	၁၈၀၀၀	၁၀၀၀၀	၄၀၀၀	၁၀၀၀	၈၂၀၀	၆၅၀၀	၁၂၀၀၀	၄၅၀၀	၆၀၀၀	၁၈၀၀၀	၃၄၀၀၀	၂၆၀၀၀	၂၆၀၀၀	၁၆၀၀၀
၁၄	မနှစ်ကူး	၄၀၀၀		၆၅၀၀	၁၅၅၀၀	၈၀၀၀	၁၄၀၀၀	၃၀၀၀	၁၄၀၀၀	၁၉၀၀၀	၁၃၀၀၀	၃၀၀၀	၁၀၀	၉၅၀၀	၈၅၀၀	၁၀၀၀၀	၄၅၀၀	၆၀၀၀	၂၀၀၀၀	၃၀၀၀၀	၂၄၀၀၀	၂၅၀၀၀	၁၂၀၀၀
၁၅	မကွေး	၄၁၀၀		၆၄၀၀	၁၆၀၀၀	၇၉၀၀	၁၃၀၀၀	၂၅၀၀	၁၄၀၀၀	၂၂၀၀၀	၁၀၀၀၀	၇၅၀၀	၁၂၀၀	၈၀၀၀	၈၀၀၀	၄၅၀၀	၅၀၀၀	၅၅၀၀	၁၄၀၀၀	၂၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၂၅၀၀
၁၆	ပြည်	၃၀၀၀		၅၁၀၀	၁၆၀၀၀	၇၇၀၀	၁၃၀၀၀	၃၈၀၀	၁၆၀၀၀	၁၆၀၀၀		၅၀၀၀	၄၅၀		၆၅၀၀	၉၀၀၀	၅၀၀၀	၅၀၀၀	၁၄၀၀၀	၃၀၀၀၀	၂၈၀၀၀	၂၅၀၀၀	၁၀၀၀၀
၁၇	ပဲခူး	၃၀၀၀		၅၁၀၀	၁၈၅၀၀	၇၇၀၀	၁၂၅၀၀	၄၀၀၀	၁၈၀၀၀	၆၀၀၀	၅၀၀၀	၄၅၀	၉၀၀	၆၀၀၀	၆၅၀၀	၉၀၀၀	၅၅၀၀	၅၅၀၀	၁၄၀၀၀	၃၀၀၀၀	၂၄၀၀၀	၂၅၀၀၀	၇၀၀၀
၁၈	ပျဉ်းမနား	၃၅၀၀		၆၅၀၀	၁၆၀၀၀	၇၆၅၀	၁၆၅၀၀	၃၂၀၀	၁၆၅၀၀	၁၈၀၀၀	၆၂၀၀	၃၆၀၀	၇၀၀	၆၀၀၀	၆၂၀၀	၇၇၀၀	၅၂၀၀	၅၅၀၀	၁၈၅၀၀	၃၀၀၀၀	၂၆၀၀၀	၃၀၀၀၀	၁၀၂၀၀
၁၉	နေပြည်တော်	၃၅၀၀		၆၅၀၀	၁၇၀၀၀	၇၆၅၀	၁၇၀၀၀	၃၆၀၀	၁၈၀၀၀	၁၈၅၀၀	၁၀၀၀၀	၃၈၀၀	၇၀၀	၆၂၀၀	၆၄၀၀	၈၀၀၀	၅၅၀၀	၅၄၀၀	၁၇၆၀၀	၃၀၀၀၀	၂၆၅၀၀	၃၀၀၀၀	၁၃၆၀၀
၂၀	ကလေး	၃၂၀၀			၁၉၀၀၀	၁၄၀၀၀	၂၉၀၀၀	၄၀၀၀	၁၈၀၀၀	၂၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၁၅၀၀	၁၂၀၀၀	၈၅၀၀	၅၀၀၀	၇၀၀၀	၇၅၀၀	၂၆၀၀၀	၄၀၀၀၀	၂၅၀၀၀	၄၀၀၀၀	၁၅၀၀၀

လယ်ဝေးမြို့နယ်အတွင်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နေ့က နေပြည်တော်ပညာရေးမှူး ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်နိုင်၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးကျော်၊ မြို့နယ်ပညာရေးမှူး ဦးအောင်လွင်တို့နှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ယက္ကန်းစင်တောင် မူလတန်းကျောင်း၊ ကြိမ်မြောင်းကျေးရွာ မူလတန်းကျောင်း၊ ဝက်လက်ကျေးရွာ မူလတန်းကျောင်းတို့၌ Steel Structure၊ ပေ ၆၀ x ၃၀ တစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှု စစ်ဆေးရာ တင်ဒါအောင်မြင်ဆောင်ရွက်သည့် ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ကျောင်းဝင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်၊ ကျောင်းအဆောက်အအုံများကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အင်ပု အခြေခံပညာအလယ်တန်း ကျောင်းစာကြည့်တိုက်နှင့် မြေမိုးလေးရွာ လူငယ်အားမာန်စာကြည့်တိုက်များသို့ ငွေကျပ် နှစ်သိန်းဖိုးစီ တန်ဖိုးရှိသည့် စာအုပ်စာစောင်များ လှူဒါန်းပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)





မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင် ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းတို့ကို ဖေဖော်ဝါရီ ၂၆ ရက်က PRO 1 အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၌ ဆောင်ရွက်စဉ်။ ခင်စန်းမြင့် (ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေး

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၆

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ ဒေါ်သန်းတင် ခန်းမဆောင်၌ အသက် နှစ်လမှ ၅၉ လအထိ ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးနိုင်က ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်နေနွယ်စံနှင့် အဖွဲ့ဝင်များ၊ တက်ရောက်ခဲ့သည်။

ဝင်းကြိုင်
(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ဇော်ထွန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇင်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ ပြုလုပ်စဉ်။ ခိုင်ထူး (ပြန်/ဆက်)

သထုံမြို့နယ်၌ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

သထုံ ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက သထုံမြို့မဈေးနှင့် သုဝဏ္ဏဈေးတို့၌ လိုက်လံဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင် ဖြန့်ဝေရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက သထုံမြို့မဈေးနှင့် သုဝဏ္ဏဈေးတို့မှ ဈေးရောင်းဈေးဝယ်များအား သဘာဝပတ်ဝန်းကျင်အပေါ် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းတို့၏ခြိမ်းခြောက်နေမှုများ၊ ပလတ်စတစ်ကြောင့် မြေထုရေထု လေထုညစ်ညမ်းမှုများ၊ လူသားတို့အပါအဝင် သက်ရှိအားလုံးအတွက် ပလတ်စတစ်ကြောင့် ခံစားနေကြရသည့် ကျန်းမာရေးဆိုးကျိုးများ၊ စသည့် ပလတ်စတစ် အန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပညာပေးဆွေးနွေးကာ ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဌာနဆိုင်ရာရုံးများ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို မြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပစဉ်။ မြို့နယ် (ပြန်/ဆက်)



ဓနုဖြူမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြ

ဓနုဖြူ ဖေဖော်ဝါရီ ၂၆

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို တမြောက်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ ပြုလုပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်က မီးဘေးလုံခြုံရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဟောပြောကာ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ဦးဆောင်သော စည်ပင်ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စည်ပင်သာယာရေးဈေးများတွင် ဖေဖော်ဝါရီလ စတုတ္ထပတ်က မီးဘေးလုံခြုံရေးဇာတ်တိုက် လေ့ကျင့်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်မှူးနှင့် ဈေးကော်မတီအဖွဲ့တို့ ကြည့်ရှုစဉ်။ ရွှေသား(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၃၀ဒေသမိန်၄, ၅၊ နည်း၃၀ဒေ ၂၀)
ကလောခရိုင်တရားရုံး
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ခေါင်လေးလေးထိုက် နှင့် ခေါတင့်တင့်လွင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ အိမ်အမှတ် C-3 နေ တရားပြိုင် ခေါတင့်တင့်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “လိမ်လည်လှည့်ဖြားပြီးချပ်ဆိုသောအိမ်ခြံမြေအရောင်းအဝယ် နှစ်ဦးသဘောတူစာချုပ်များအား ဖျက်သိမ်းပြီးပေးခဲ့ထားသော ၎င် ၄၀၀၀,၀၀၀၀၀/- ကျပ် (ကျပ်သိန်းလေးထောင်တိတိ) နှင့် နစ်နာကြေးငွေ ၂၀၀၀,၀၀၀၀၀/-ကျပ် (ကျပ်သိန်းနှစ်ဆယ်တိတိ) စုစုပေါင်းငွေ ၆၀၀၀,၀၀၀၀၀/-ကျပ်(ကျပ်သိန်းခြောက်ထောင်တိတိ) ရလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရေးရပ်ဝိတ်ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်၊ ရုံးအွင့် အဖိန့်ရရှေ့ရေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ် ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် (၄) ရက်) မွန်းမတ်၁၃ နာရီတွင် အထက်က အမည် ရေးသားပါရှိသူ တရားလို ခွဲဆိုချက်ကိုထူထောင်ရင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထူထောင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်က ထူထောင်သွင်းလိုလျှင် အမှုဆိုင်ခြေလှမ်းရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်လွင်)
ဒုတိယခရိုင်တရားသူကြီး
ကလောခရိုင်တရားရုံး

အမည်မှန်

ဦးယုံလုံ၏သား မြစ်ကြီးနားမြို့၊ အထက(၈)။ Grade-11(A) မှ မောင်အဓိဘာရှစ် ဂုဏ်မန်၏ အမည်မှန်မှာ မောင်အဓိဘာရှစ် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မနော ရတနာကိုယ်ပိုင် အထက်တန်း ကျောင်း၊ Grade-11မှ မရှိနှင့် ထွယ်ပန်၏ ဖခင်အမည်မှန်မှာ ဦးနေ့ာထွဲ ၁/ကမန(နိုင်) ၀၂၀၉၂၃ ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-က၊ ဦးပိုင်အမှတ် (ရ)-၁/ခ)၊ ရတနာပုံတက္ကသိုလ်လမ်းတောင်ဘက်၊ ရန်ကုန်-မန်းကားလမ်းအနေ-အထားကဲ့သ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်စိန်(ခ) စိန်ဦးစိန်၊ ဦးကျော်ဝင်းလွင်(ခ)မောင်ကောင်းတို့၏ (SP ရရှိသူ ဦးတင်မျိုးကျော်) ထံမှ မူတပ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၇၇၃/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းသန်းဦး ဥ/မနမ(နိုင်)၀၄၅၈၈၂၊ ဦးတင်မျိုးကျော်၊ ဦးသိန်းသန်းဦး ဥ/မနမ(နိုင်)၀၀၀၉၈၀၊ ဒေါ်သီတာထွေး ဥ/မနမ(နိုင်)၀၀၀၉၈၀ တို့က အမှုတွဲအမှတ် (၆၇၀၅၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/64209, SHAYAN-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိဝိစိုး ဥ/မဟမ(နိုင်) ၀၄၇၃၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/5930, Jincheng- 110, M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်နေ့ကျော် ဥ/ကသန (နိုင်)၁၀၂၂၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/51436, Keeto Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်သန်း ဥ/ရဥခ(နိုင်) ၀၈၀၀၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/65293, Canda -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောကာထွန်း ဥ/အဓန(နိုင်)၀၂၀၂၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး၃၀ဒေအမိန့် ၂၁၊ နည်း၃၀ဒေ ၂၂)
တောင်ကြီးခရိုင်တရားရုံးတော်
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇ နှင့်ဆက်နွှယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

ရိုးမဘဏ်လီမိတက်၊ တောင်ကြီးဘဏ်ခွဲ နှင့် ၁။ ဦးဧမာ်မင်းထွေး
(၎င်းဘဏ်၏ကိုယ်စားဦးထွန်းထွန်းလင်း၊ ၂။ဒေါ်ဖြူ(ခ)ခေါ်စုရှင်ပိုင်
မန်နေဂျာ)

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ်(၁၅၅)၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီး မြို့နေ ဦးဧမာ်မင်းထွေးနှင့် ဒေါ်ဖြူ(ခ)ခေါ်စုရှင်ပိုင်(အတူနေလင်မယား)(ယခုနေရပ်လိပ်စာ မသိသူများ)တို့အား သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၇တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ရိုးမဘဏ်လီမိတက်၊ တောင်ကြီးဘဏ်ခွဲ (ကိုယ်စား- ဦးထွန်းထွန်းလင်း၊ မန်နေဂျာ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အရိန့်ကိုထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ရေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ ၁၁ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ရက်) မွန်းမတ်၁၃ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝေလင်း)
တွဲဖက်ခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ (၁၁)ဦးသောင်းဟန်၏ သမီးဖြစ်သူ မေအေးအေးစိုး (၁၃/တကန(နိုင်)၂၉၀၇၃၉) နှင့် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တန်းတင်အုပ်စု၊ ဓါတ်တော်ကျေးရွာနေ (၁၈) ဦးသိန်းဝင်း (မိ) ဒေါ်လှချမ်းအေးတို့၏တစ်ဦးတည်းသောသား ကိုလင်းခေတို့သည် (၁၂-၁၀-၂၀၂၁)ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေကြပါသည်။ မေအေးအေးစိုး၏ ယောကျ်ားမှာ ဖြစ်ကြောင်းသော ဦးသိန်းဝင်းသည် လွန်ခဲ့သော (၂၇)နှစ်ခန့်ကတည်းက ကွယ်လွန်ခဲ့ပြီး ဒေါ်လှချမ်းအေးမှာ (၂၀၂၂)ခုနှစ်က ကွယ်လွန်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးလင်းခေါသည် (၂၀၂၄)ခုနှစ် နိဝင်္ဘာလက ကွယ်လွန်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တန်းတင်အုပ်စု၊ ဓာတ်တော်ကျေးရွာရှိ ကွယ်လွန်သူ ဦးသိန်းဝင်း၊ ဒေါ်လှချမ်းအေးနှင့် ကိုလင်းခေဘို့ ဧနေ့ထိုင်ပိုင်ဆိုင်ခဲ့သော အိမ်ခြေဥစောအပါအဝင် မြေကွက်များနှင့်စပ်လျဉ်း၍ ယခုအချိန်တွင် မနေးအေးစိုးတစ်ဦးတည်းကသာ တရားဝင်ဆက်ခံခိုင် ဆိုင်ရွှင်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ အိမ်ခြေ ဥစောအပါအဝင် မြေကွက်များအား မနေးအေးစိုး မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားသို့လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငေးကမ်းခြင်း၊ လျှုခ်နှံးခြင်း၊ အာမခံတင်သွင်းခြင်းများ မပြုလုပ် ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက မနေးအေးစိုးက ဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မနေးအေးစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၄၃၃) (၂-၁၀-၂၀၁၂)
အမှတ် (၅၂)၊ စံပယ်လမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ် ၀၀-၈၊ ဦးပိုင်အမှတ် (၂၄)၊ ၆၃(B)လမ်း၊ ၁၃ရာ၁၃ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးအောင်မြင့်မြတ်၏ (GP ရရှိသူ ဒေါ်ဟေမာမောင်)ထံမှ မူတပ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၈၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်မာဦး ၅/ဗမန(နိုင်)၀၆၀၄၀၈ အမှုတွဲအမှတ် (၆၇၀၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက် အမှတ်လမ ၁၁ဒ ဦးပိုင်အမှတ်(၄၄)၊ ၆၅လမ်းနှင့် ၁၄၀(B)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သင်းဇော် (SP ရရှိသူ ဒေါ်မိုးမိုး ဝင်း(ခ)ရီဖေခွင့်) ထံမှ မူတပ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုစုနိဝင်း ၈/မမန(နိုင်)၁၃၇၇၃၇ က အမှုတွဲအမှတ် (၆၇၀၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာ ပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများမှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် ၅-ဂ၊ ဦးပိုင်အမှတ် ၂၂-ခ၊ ၅၇၃ရာ၁၀လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူဦးကိုမြင့် ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၂၄၉၀/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းလှိုင် ၉/ မရတ(နိုင်) ၁၂၈၆၆၆ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၂/ ၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ ပြောင်း သက်တမ်းတိုးအပည်ပြောင်း လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် ၇၃၇/ဂ-၂ ဦးပိုင်အမှတ် ၂-ခ/၆၉လမ်း၊ ၃၄ရာ၁၀လမ်းကြားရှိ ဦးဆောင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား ၊ ဖခင်ဦးဆောင်မြင့်၊ မိခင် ဒေါ်ကြည်ကြည်နိုင် (ခ) ကြည်ကြည်ဝင်း တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်သီတာမြင့် ၉/မရမ(နိုင်) ၀၅၀၇၃၂၊ ဦးစောယုဆောင်(ခ)ပြုံးချို ၉/မရမ(နိုင်) ၀၉၂၆၈၅၂ ဦးစည်သူဆောင် ၉/မရမ(နိုင်) ၀၉၂၆၈၀၊ ဦးစောဇင်ဆောင် ၉/ မရမ(နိုင်) ၀၈၆၃၄၂ ဦးစောယု(ခ) ဦးစိုးမြင့်ဆောင် ၉/မရမ(နိုင်) ၀၈၆၃၄၁ ဒေါ်သန္တာမြင့် ၉/အဇ(နိုင်) ၀၁၂၀၇၀၊ ဒေါ်အေးအေးဆောင် ၉/အဇ(နိုင်) ၀၁၆၀၁၅ တို့က ဂရန်စာ ချုပ်သောစာရင်း၊ တရားရုံးကျွန်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေဧရိယာရေးကူးနှင့်ပြုပြင်ရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ် ၇၃၇/ဂ-၂ ဦးပိုင်အမှတ် ၂-ခ/၆၉လမ်း၊ ၃၄ရာ၁၀လမ်းကြားရှိ ဦးဆောင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးကိုကိုမြင့်(ခ)ဦးချိုမြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စန္ဒာ ၁/လကန(နိုင်) ၀၅၉၉၄၇က ဂရန် စာချုပ်၊ သေစာရင်း၊ တရားရုံးကျွန်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေဧရိယာရေးကူးနှင့်ပြုပြင်ရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြေသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ် ၅-ဂ၊ ဦးပိုင်အမှတ် ၂၂-ခ၊ ၅၇၃ရာ၁၀လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူဦးကိုမြင့် ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၂၄၉၀/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်စန်းစန်းလှိုင် ၉/ မရတ(နိုင်) ၁၂၈၆၆၆ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၆၂၂/ ၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ ပြောင်း သက်တမ်းတိုးအပည်ပြောင်း လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄



ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) တောင်ကြီးမြို့နယ် တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

ဒေါ်ဝင်းဝင်းမြင့် (၁) ဒေါ်ဝင်းမြင့် နှင့် ဒေါ်စိုးစိုးရီ
(တရားလို) (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆)၊ အမှတ်(၆၃) နေ ဒေါ်စိုးစိုးရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းဝင်းမြင့်(၁)ဒေါ်ဝင်းမြင့်က ပဋိညာဉ်အတိုင်း အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်မှာပါပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၎င်းအဖွဲ့နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပငြောင်ဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၁)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အရပ်ပါသူ တရားလိုဂါ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ဂျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဓိပ္ပါယ်ကောက်ယူနိုင်သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခဲ့လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ရက်တွင် ဤရုံးတဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွတ်ရိန့်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
တောင်ကြီးမြို့နယ်တရားရုံး

ဖခင်အမည်မှန်

နေပြည်တော်၊ ဓမ္မသီရိမြို့နယ်၊ အထက (၁၁) Grade-10 (သင်ရိုးသစ်)တွင် ပညာသင်ယူနေသော မစန်းစန်း နွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွေး ၁၀/ကထန(နိုင်) ၁၀၂၃၂၂ ဖြစ်ပါကြောင်း။

ဦးကျော်ထွေး

မိခင်အမည်မှန်

ပဲခူးမြို့၊ အထက (ခွဲ) ကမာနတ်ကျောင်း Grade-1မှ မခြူးသဇင်၏ မိခင်အမည်မှန်မှာ ဒေါ်ဇင်မာဝင်း ဂ/သနပ(နိုင်) ၁၀၀၃၆၁ဖြစ်ပါကြောင်း။

ဒေါ်ဇင်မာဝင်း

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်း ရပ်ကွက်၊ ချမ်းမြေလမ်း၊ မြေကွက်အမှတ်(၄၃)ဟူသော်လွှင့် သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ ထန်းပင်ကုန်းတောင်ကွက်၊ ဦးပိုင်အမှတ်(၁၂/ဏ)တွင် တည်ရှိပြီး သန်လျင်မြို့နယ် မြေစာရင်းဌာနတွင် မြို့မြေအမျိုးအစား ဖြစ်သော (၀.၀၅၃)ဧကအား အခွန်ကည်းကြပ်ခံရသူမှာ ရောင်းချသူ ဦးခင်အေး အမည်ဖြင့် သတ်မှတ်ထားရှိပြီး (၄၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ် တွင်ဆောက်လုပ်တည်ရှိသည့် တစ်ထပ်တိုက် အိမ်(၁)လုံး၊ လွှဲပစ်စီစာ(၁)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား အခွန်ထမ်း အမည်ပေါက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဦးခင်အေး(ဘ)ဦးခင်မောင် (၁၂/သလန(နိုင်)၀၆၅၅၀၆)မှ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ မိမိကသာ တရားဝင် လက်ရှိရိုင်ဆိုင် စိမ်မပြုနေပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ကတိပြုလက်ခံပြောဆိုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဒေါ်မေစန်းလွင်(ဘ)ဦးဘိုအောင်(၁၂/သလန(နိုင်)၁၀၀၉၃၆)မှ ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထပ် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့် အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်မေစန်းလွင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲဆုဇောခြည်သိမ့်
LL.B,D.B.L,D.I.L, (W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)
အမှတ်(၃၇)၊ T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၅ ၉၇၉ ၁၆

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ အလယ်ရွာတောင်ပိုင်း၊ တောင်ပိုင်း-၂လမ်း၊ သန်လျင်မြို့နယ်၊ အလယ်ရွာ၊ ကွင်းအမှတ်-၆၅၂/A၊ ကွင်းအမည်-အလယ်ရွာတောင်ပိုင်းကွင်း၊ ဦးပိုင်အမှတ်(၂၈/က)တွင်ရှိသော G အမျိုးအစား ဝ.၀၆ ကာသည် သန်လျင်မြို့နယ် မြေစာရင်းဌာနတွင် အခွန်စည်းကြပ်ခံရသူ ဒေါ်လှရင်-ပါ၄ အမည်ဖြင့် သတ်မှတ်ထားရှိပြီး အဆိုပါမြေထဲမှ စီတ်ပိုင်းထားသည့် (၉၀x၈၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်တည်ရှိသည့် တစ်ထပ်လုံးချင်း ပျဉ်ထောင် နေအိမ်(၁)လုံး၊ လျှပ်စစ်မီတာ(၁)လုံး တို့၏ အကျိုးခံစားခွင့် အရပ်ရပ်အား ၎င်းထံမှ အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားသူဖြစ်သော ဒေါ်သရဖီဝင်း (ဘ)ဦးမောင်ချစ်(၁၂/ဒဂန(နိုင်)၀၆၅၇၁၃)မှ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ မိမိကသာ တရားဝင် လက်ရှိပိုင်ဆိုင် စိမ်မပြုနေပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကတိပြု ဝန်ခံခြောဆို သဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သည့်ဒေါ်ဆွေဆွေဖြင့် (ဘ)ဦးမြဟန်(၁၂/သလန(နိုင်)၁၁၅၃၃၃)မှ ရောင်းဖိုးငွေတို့၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထပ် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဆွေဆွေဖြင့်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲဆုဇောခြည်သိမ့်
LL.B,D.B.L,D.I.L,(W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)
အမှတ်(၃၇)၊ T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၅ ၉၇၉ ၁၆

အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့သာယာရပ်ကွက်၊ ၉-လမ်း၊ အမှတ် (၇၄၃)နေ (၁၁) ဦးဟာဘီ၏ သမီးဖြစ်သူ မတင်နိုလွာစိုး (၁၀/ဓလမ (နိုင်) ၃၀၂၄၄၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ၏ မိဘများဖြစ်ကြသော ဦးဟာဘီနှင့် ဒေါ်တင်ရီတို့ထံတွင်သား သမီး(၆)ဦး ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ (၁) မချိမိမိဖြူး၊ (၂) မောင်စိုးမင်းလတ်၊ (၃) မောင်စိုးမောင်မောင်၊ (၄) မအိအိစိုး၊ (၅) ကျွန်ုပ်၏မိတ်ဆွေ မတင်နိုလာစိုးနှင့် (၆) မောင်စိုးလွင်ဦးတို့ဖြစ်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် သမီး (၂)ဦးနှင့် အထက်မော်ပြပါလိပ်စာတွင် နေထိုင်သော်လည်း ကျွန်ုပ်မိတ်ဆွေ၏ မောင်၊ နှမများနှင့် ၎င်းတို့နှင့်သက်ဆိုင်သောသူများသည် ကျွန်ုပ်မိတ်ဆွေ၏ လူမှုရေးကိစ္စရပ်များ ဝင်ရောက်ပြောဆိုခြင်း၊ ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေပါသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ လူမှုရေး ကိစ္စအရပ်ရပ်အပေါ် မောင်၊ နှမများဖြစ်ကြသော မချိမိမိဖြူး၊ မောင်စိုးမင်းလတ်၊ မောင်စိုးမောင်မောင်၊ မအိအိစိုးနှင့် မောင်စိုးလွင်ဦးတို့နှင့် ၎င်းတို့၏ မိတ်ဆွေများမှ ဝင်ရောက် ပြောဆိုခြင်း၊ ဟန့်တားနေဘုံယုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ မပြုလုပ်ပါရန်နှင့် ထပ်မံပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုကဲ့သို့ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘုန်းဇေယျစိုး (LL.B) Advocate
(စဉ်-၉၀၅၉) (၂၃-၅-၂၀၁၃)
အမှတ်(၃၀)၊ ယုနေလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊
ဖုန်း-၀၉-၄၃၀၇၁၃၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဒ/ဂရုပဏ်ကွက်၊ မြေတိုင်း (ဒ-၆၃)၊ မှော်ဘီ(၃)လမ်း၊ အမှတ်(၇၄၈)ဟုခေါ်တွင်သော ဗိုလ်ကြီးကျော်ကျော် ထက် ၉/ဃဝန(နိုင်)၀၀၀၀၉၇ အမည်ပေါက် ပါမစ်ထွက်ရှိထားသည့် အကျယ် အဝန်း၀ပ(၄၀ x ၆၀) မြေကွက်အနက်မှ တရားဝင်ဝယ်ခဲ့ရသော သေခါင်းရင်းခြမ်း ၀ပ(၂၀x၆၀)မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိဝယ်ယူထားပိုင်ဆိုင်ပြီး ဆက်စပ်စာချုပ်စာရွက်စာတမ်းများမှန်ကန်ပါ ကြောင်းနှင့် လွဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ဆွေဆွေခိုင် ၁၂/ဝမန(နိုင်)၁၂၄၇၀၆မှကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းဇော် ၁၂/ဥကမ(နိုင်)၁၂၆၅၇၄မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စ အဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်စိုး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၆)
အမှတ်-၂၁၆(ခ)၊ မန္တလေးလမ်း၊ (၆/ဇ)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၄၄၂၁၁၁၁၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/19657 ၏ ဖောင်းကြွခဲ့ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အပောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (စ)၊ ဦးပိုင်အမှတ်(၈၇+၈၈) ရန်-မနီးလမ်းကားလမ်းအနောက်၊ မေငယ်သိမ်း လမ်း အနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သိန်းထွန်း၏ (SP ရှည်သူ ဒေါ်မာလာသန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၄၉၈/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးအောင်အောင်နိုင် ၉/မရတ(နိုင်) ၁၀၉၄၆၉မှ အမှုတွဲအမှတ်(၆၆၉၉/၂၀၂၄-၂၀၂၅)ဖြင့် အပည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေဩာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ဦးပိုင်အမှတ် (၃၆-က)၊ ၈၆လမ်း၊ ၁၂x၁၃ လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော မြို့နယ်လူမှုဖူလုံရေးရုံးခွဲ (၁)၏ ကိုယ်စား ဒေါ်အောင်မေထွန်း ၅/ဟန(နိုင်)၀၆၁၀၃၀၉၈က အမှုတွဲ အမှတ် (၆၈၆၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၀၂၊ ဦးပိုင်အမှတ် ၁၄၄-ဆ+၁၄၂-ဃ၊ ၁၀၃လမ်း၊ ၇၈၀ရန်- မနီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်း ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၄၃/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်မင်းထွန်း ၅၅/ကလဝ(နိုင်)၀၂၇၀၃၈၈ အမှုတွဲအမှတ်(၆၆၉၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၇)၊ ဦးပိုင်အမှတ် (၁၄-၁၅)၊ ၆၈x၆၉ ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးအောင် ၉/မနတ (နိုင်)၀၉၈၁၉၇က အမှုတွဲအမှတ်(၆၆၉၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

